# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင်တည်ထောင်သည်။


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါဠိ(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ Saturday, 20 September 2025 ၁၁၉၄၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား မြိတ်မြို့ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်နှင့် အသား၊ ငါး ဖူလုံမှုဆိုင်ရာများ၊ ငါး၊ ပုစွန် မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ စာမျက်နှာ ၃ ကော်လံ ၁ သို့

## ယနေ့ ဖတ်စရာ


တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၈

စစ်တွေမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးပွဲ ကျင်းပ စာမျက်နှာ » ၇

လွတ်လပ်ပြီး တရားမျှတသည့် သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းကြပါစို့ စာမျက်နှာ » ၁၀

စစ်ကိုင်းမြို့၌ လူမှုရေးပင်စင်၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆောက်လုပ်ရေး၊ လမ်းတံတားနှင့်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၁၂

ကြေးမုံ

# တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက် ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှုမြှင့်တင်

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် ဖွင့်ပွဲအခမ်းအနားနှင့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ် ဖွင့်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပခဲ့ရာ အခမ်းအနားများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်၍ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးလုပ်ငန်း များဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံ အနေဖြင့် ယခုကုန်စည်ပြပွဲတွင် Country of Honour အဖြစ် အလှည့်ကျ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကုန်စည်ပြပွဲများ ကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါသည့် စင်္ကြံတစ်ခုအဖြစ် ပံ့ပိုးပေးနိုင်သည့် အတွက် တရုတ်-အာဆီယံ လွတ်လပ်သည့်ကုန်သွယ်မှုဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက် အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဤသို့ ထူးခြားလေးနက်သည့်အခမ်းအနားတွင် မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်သဖြင့် အကျိုးရလဒ်ကောင်းများကို ဆောင်ကြဉ်း ပေးနိုင်မည်ဖြစ်သည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံ များအကြား ကုန်သွယ်မှု၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာစေရန်နှင့် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက် မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုတို့ကို မြှင့်တင်ဖော်ဆောင်နိုင်မည်ဟု ယုံကြည် သည်။ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ စသည့် ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသခဲ့သည်။ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်တွင် မြန်မာနိုင်ငံ၏နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မြစ်ကြီးနားမြို့ကို ရွေးချယ်သတ်မှတ်၍ ပြသခဲ့သည်။

တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်ကို "အာဆီယံကို ဉာဏ်ရည်တုနည်းပညာဖြင့်ချိတ်ဆက်၍ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းမှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်ကို မျှဝေခြင်း" ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့ ခြင်းဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာ အသွင်းကူးပြောင်းနေသော ယနေ့ကာလတွင် AI နည်းပညာကို စီးပွားရေးလုပ်ငန်းနယ်ပယ်များတွင် နိုင်ငံအများစုက ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း AI နည်းပညာကို စီးပွားရေးလုပ်ငန်းရှင်များက အချို့ကဏ္ဍများတွင် အသုံးပြုလျက် ရှိသည်။ AI နည်းပညာကို နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျယ်ပြန့်စွာအသုံးပြုလာ သည်နှင့်အမျှ လွဲမှားစွာအသုံးချမှုနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစား ရန်လိုအပ်ပြီး မှန်ကန်သည့်နယ်ပယ်များတွင် မျှတစွာအသုံးပြုရန်လိုအပ်ကြောင်း ဖိုရမ်တွင် မြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

AI နည်းပညာကို ကမ္ဘာတစ်ဝန်း၌ တွင်ကျယ်စွာအသုံးပြုကြရာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် ထိရောက်စွာအသုံးပြုလာနိုင်သဖြင့် အကျိုး ရလဒ်ကောင်းများဖြစ်ထွန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုလာ သည်ကို ကြိုဆိုရမည်ဖြစ်သလို AI နည်းပညာကို လွဲမှားစွာအသုံးပြုပြီး လူမှုစီးပွား နယ်ပယ်အချို့တွင် ထိခိုက်နစ်နာမှုများရှိလာသည်ကို သတိပြု၍ တားဆီးကာကွယ် သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် AI နည်းပညာကို တလွဲအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများကို ဖွံ့ဖြိုးပြီးနိုင်ငံ များနှင့်ပူးပေါင်း၍ ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ် သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်း များကို မျှဝေခံစားသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုကျင်းပခဲ့သော တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များ ဖိုရမ်သည် တရုတ်-အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင် နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများရရှိမည့် ပလက်ဖောင်းတစ်ခု ဖြစ်ရာ တရုတ် - အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ(အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ ထောက်ပံ့ ရေး ကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စသည့်နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## သမဝါယမကဏ္ဍ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများ ကွင်းဆင်းဆောင်ရွက်

**ထားဝယ် စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် သမဝါယမကဏ္ဍမှ မိုးစပါးစီမံကိန်းဆောင်ရွက်သည့် ထားဝယ်မြို့နယ် ရှမ္မတွင်းကျေးရွာ ဦးပိုင်အမှတ်(၁၄)၌ ဖွဲ့အားမာန်လယ်ယာနှင့်အထွေထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများတွင် ဓာတ်မြေဩဇာများ စုပေါင်းကြဲပက်ခြင်းကို ယမန်နေ့တွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနက ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိုးစပါးစိုက်ခင်းများတွင် ဓာတ်မြေဩဇာများ အချိန်ကိုက် အချိုးကျ ထည့်သွင်းကြရန်နှင့် အပင်ကြီးထွားချိန်တွင် ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက် မြန်မာ စံတော်ချိန် ၀၁ နာရီ ၂၈ မိနစ် ၁၂ စက္ကန့်အချိန် တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့ မြောက်ဘက် ၄၀၇၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ(Near East coast of Kamchatka, Russia)၊ မြောက်လတ္တီတွဒ် ၅၃ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၆၀ ဒသမ ၄၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့် ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၈ အဆင့်ရှိ အင်အားအလွန်ပြင်းထန် သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## သထုံမြို့ရှိ အားမာန်သစ်ရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**သထုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့ရှိအားမာန်သစ် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန် နေ့နံနက်ပိုင်းက အဆိုပါအသင်းဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးက အမှာစကားပြောကြားပြီး အားမာန်သစ် သမဝါယမအသင်းမှ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ ဆောင်ရွက်ချက်များနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ကဏ္ဍ အလိုက်ဆွေးနွေးကြကာ အသင်းသားများ ၏ စုဆောင်းငွေပေါ် အတိုးငွေများ၊ အစုပေါ်အမြတ်များကို ထုတ်ပေးခဲ့ကြ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မင်းလှ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ တွင်စိုက်ပျိုးခဲ့သော မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က ကိုင်းပြင်ကြီးကျေးရွာ တောင်သူဦးခင်မောင်လင်း၏ Drum Seeder ဖြင့် စိုက်ပျိုးထားသော အောင်နိုင်တိုးမိုးစပါးစိုက်ကေ ၃ ဒသမ ၅ ဧကတွင် ဆောင်ရွက်ခဲ့သည်။

မိုးစပါးစံကွက် ရိတ်သိမ်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင် များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် ဝန်ထမ်း များ၊ မြို့နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးကြီးကြပ်မှုကော်မတီဝင် များ၊ တောင်သူများ ပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် အစိုထွက် ၁၃၅ တင်း၊ အခြောက် ထွက် ၁၂၇ တင်းထွက်ရှိပြီး မင်းလှမြို့နယ်အနေဖြင့် ၂၀၂၅ ခုနှစ် မိုးစပါးရာသီ၌ မိုးစပါး ၇၆၁၄၁ ဧက စိုက်ပျိုးထားရာ ယခု အချိန်ထိ ၅၆၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၁၉ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၅၀ | ၃၈၀,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁,၅၁၀ | ၄,၇၅၆,၅၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၄၀ | ၁,၀၅၀,၀၀၀ |
| FPB | ၂,၄၀၀ | ၂,၄၀၀ | ၁,၆၂၂ | ၃,၈၉၂,၈၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၁၇ | ၄၅,၀၅၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၁၁၂ | ၂၁၈,၄၀၀ |
| AMATA | ၃,၂၀၀ | ၃,၃၅၀ | ၃၇၇ | ၁,၂၁၄,၈၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၁၀ | ၃၃,၅၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ဒေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လေးကျွန်းဆီမီးစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

❒ ရှေ့ဖုံးမှ

အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အလတ်စားနှင့် အငယ်စား MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု၊ ရေပေးဝေရေးဆောင်ရွက်ထားရှိမှု၊ **ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်နိုင်ရေး** ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မြိတ်မြို့ **ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်း**အား BOO စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးစေလိုမှု၊ မြိတ်လေယာဉ်ကွင်းအား ပြည်ပကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီ

☆ **မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်**

☆ **စိုက်ပျိုးရေးအတွက် ခွင့်ပြုပေးထားသည့်မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီဖြစ်စေရေးဆောင်ရွက်သွားရန်လို**

☆ **မြိတ်ဒေသတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင်ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား လေ့လာကြည့်ရှုစဉ်။

တိုင်းဒေသကြီးမှ ရေထွက်ကုန်များအား ကုန်ချောထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မြိတ်မြို့မှ ရေငန်ငါးများတင်ပို့ရာတွင် ပိုမိုမြန်ဆန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို တိုးတက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ပုစွန်သားပေါက်များရရှိရေး၊ ပုစွန်အစာရရှိရေးတို့အား လွယ်ကူလျင်မြန်စွာတင်သွင်းခွင့်ရရှိနိုင်ရေး နိုင်ငံတော်မှလိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများအား ပြည်ပသွင်းကုန်အစားထိုး တန်ဖိုးမြှင့်ကုန်ချော Tubeless တာယာစက်ရုံအတွက် လိုအပ်သည့်စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလိုအပ်ချက်များကို အသီးသီး ဆွေးနွေးတင်ပြကြသည်။


### တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး

ငင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခွင့်ပြုပေးလျက်ရှိမှုနှင့် အချိန်ကြန့်ကြာမှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ ငါးဖမ်းလှေများအနေဖြင့် ချမှတ်ထားသည့် ဥပဒေစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုအပ်မှု၊ MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လုပ်ငန်းများ၌ လက်တွေ့ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ မြိတ်လေယာဉ်ကွင်းအား အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များတွင်ပါဝင်သည့် လျှပ်စစ်မီးနှင့် ရေရရှိရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် တင်ပြချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များတွင်ပါဝင်သည့် မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေနေရာနှင့်ပတ်သက်၍လည်း မူဝါဒချမှတ်ပေးထားပြီးဖြစ်ကြောင်း၊

**စာမျက်နှာ ၄ သို့** ✪



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်မြို့ မြို့မအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၃ မှ

မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေးအတွက်ခွင့်ပြုပေးထားသည့် မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြိတ်ဒေသတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင်ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် အအေးခန်း ကွန်တိန်နာများဖြင့် သယ်ယူဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ပုစွန်သားပေါက်တင်သွင်းခွင့်ရရှိရေး၊ ပုစွန်အစာ တင်သွင်းခွင့်ရရှိရေးတို့နှင့်ပတ်သက်၍ အဆင်ပြေအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်ပမာဏ ကြီးမားစွာရှိသည့်အတွက် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုစွန်မွေးမြူရေးအတွက်လိုအပ်သည့် ပုစွန်အစာနှင့် ပတ်သက်၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်ကန်များပြုလုပ်၍ မွေးမြူသကဲ့သို့ သဘာဝဘေးအန္တရာယ်ကို အတတ်နိုင်ဆုံးလျော့ချနိုင်ရန် အတွက် လေကာပင်များ စိုက်ပျိုးရန်လိုကြောင်း၊ ပုစွန်ကန်များ ဖော်ထုတ်ရာတွင်လည်း စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း။

**နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေ**

တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်ကို စီးပွားရေးအရမြှင့်တင်နိုင်ရေး၊ လူမှုရေးအရမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ **လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်းသာစွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြ**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးအရ မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် လွှတ်တော်များ ကျင်းပမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည်အရေးကြီးပြီး ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ချိန်တွင် တပ်မတော်နှင့် မိမိကိုယ်တိုင်အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းပေးရန် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ ထို့ပြင်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**ကျေးလက်နေသူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ပညာရည် မြင့်မားရေး**

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်လျက်ရှိကြကြောင်း၊ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေး မြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲ ဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ **လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊** ထို့ကြောင့် **ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး အလုပ်အကိုင်ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး အမှန်တကယ်လည်း အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်းလည်ပတ်ရင်းနှီးငွေ တိုးပွားလာမည်ဖြစ်ကာ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ထုတ်ကုန်တိုးမြှင့်၊ အလုပ်အရှိန်မြှင့်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှုမှရငွေများ တိုးမြင့်ရရှိလာရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားသာချက်ရှိသည့်၊ အလားအလာကောင်းသည့် **ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်လုပ်ကိုင်ကြရန်လို**ကြောင်း၊ **မိမိတို့နိုင်ငံ၌ ထုတ်ကုန်များထုတ်လုပ်နိုင်ရန် ရေခံ၊ မြေခံနှင့် သဘာဝကပေးသော အခွင့်အလမ်းကောင်းများ ရှိသော်လည်း အလုပ်လုပ်ကြရန်လိုအပ်လျက်ရှိ**ကြောင်း၊ လုံလောက်သောအရင်းအမြစ်၊ လုပ်သားများရှိသော်လည်း အလုပ်အကိုင်အားရွေးချယ်နေခြင်းသည် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရာကဏ္ဍ၊ ရောက်ရာနေရာ၌ ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်**

မွေးမြူရေးနှင့်ပတ်သက်၍ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိခြင်းတို့ကြောင့် အသား၊ ငါးနှင့် အခြေခံ

စာမျက်နှာ ၅ သို့ ✪

- ❖ **လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်းသာစွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြ**
- ❖ **မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်**
- ❖ **မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**
- ❖ **ထိုသို့ ဆောင်ရွက်ရာတွင် သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## မိမိကိုယ်ကို ကောင်းအောင်ဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကို ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်သို့ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများ၊ အရာရှိ၊ စစ်သည်များ မိသားစုများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် နိုင်ငံပိုင်ရေပြင်များ လုံခြုံရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းရန်အောင်ခန်းမ၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ သို့** ☆

---

❂ **စာမျက်နှာ ၄ မှ**

စားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုရှိစေရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ဒေသမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကိုအခြေခံ၍ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ရော်ဘာကုန်ချောထုတ်ကုန်များကို ထုတ်လုပ်၍ရနိုင်ကြောင်း၊ အလားတူ ဒေသတွင်း အများအပြား ဖြစ်ထွန်းအောင်မြင်သည့် အုန်းနှင့်ပတ်သက်၍လည်း အဆင့်မြင့်ဈေးကွက်ဝင် ကုန်ချောများ ထုတ်လုပ်နိုင်သည်ဖြစ်သဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချစေလိုပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မြိတ်မြို့သည် ပညာရေးကို အားပေးသည့်မြို့ဖြစ်သည်ကို တွေ့ရှိရသော်လည်း တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏အနာဂတ်သားသမီးများကို ကောင်းမွန်သည့် ပညာအမွေပေးခဲ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အတန်းပညာ ကောင်းမွန်မှသာ လျှင် အတတ်ပညာများ သင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ **ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း**၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများ ပေါ်ထွက်လာရေး

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်း မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ **ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လိုကြောင်း**၊ မြိတ်ဒေသတိုးတက်စေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြိတ်ဒေသတွင် နေထိုင်သူများကလည်း မိမိတို့ဒေသအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်မြိတ်မြို့ မြို့မအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးကြပြီး အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့် အခြေအနေများကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြိတ်လေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြိတ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်သွားရန်၊ လေဆိပ်အဆောက်အအုံများအား စနစ်တကျဖြင့် ပြန်လည်တွက်ချက်၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လေးကျွန်းဆီမီးစေတီတော်ကြီး

အလားတူ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် လေးကျွန်းဆီမီးစေတီတော်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နှစ်ပေါင်း ၂၄၀ သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် သမုတ်သိမ်တော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင်သမုတ်သိမ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့အတွင်းနှင့် မြိတ်ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မြိတ်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသူများအား ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၅ မှ

**★ တပ်မတော်သားများ၏ တစ်ဦးချင်း အရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိ**

**★ တပ်မတော်သားများတစ်ဦးချင်းအနေဖြင့် အမြဲ ကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့ နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လို**

**★ အလားတူ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လို**

### စွမ်းရည်စွမ်းအားပြည့်ဝသည့် တပ်များနှင့် ကျန်းမာကြံ့ခိုင်ပြီး ရဲစွမ်းသတ္တိရှိသည့် တပ်မတော်သားများဖြစ်စေရေး

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိကြောင်း၊ ထိုသို့ကာကွယ်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ရန်၊ နိုင်ငံတော် သယံဇာတပစ္စည်းများကိုကာကွယ်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ရန် ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးသည် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်း အရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

**တပ်မတော်သားများတစ်ဦးချင်းအနေဖြင့် အမြဲ ကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့နေ့စဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လို**ကြောင်း၊ **အလားတူ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လို**ကြောင်း။

တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ လုပ်ရဲကိုင်ရဲသည့်သတ္တိများ ရှိနေရန်လိုကြောင်း၊ တပ်မတော်သားအဖြစ်ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ ဘဝကိုလိုချင်သောကြောင့် ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့်စိတ်များ ရှိရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့်လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့် လက်နက်အပေါ် ယုံကြည်မှုရှိသည့် စိတ်ဓာတ်များ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး လေ့ကျင့်သားပြည့်ဝနေစေရေး လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းများတွင် မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာရပ်များကို အမြဲအသုံးပြု ဆောင်ရွက်နေမည်ဆိုပါက လေ့ကျင့်သား ပြည့်ဝလာမည်ဖြစ်ကြောင်း။

### တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီး ၄ ရပ်

တပ်တည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစဉ်(၄)ရပ်ချမှတ်ဆောင်ရွက်နေကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများအား မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဖြင့် တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုနှင့် အခြားကဏ္ဍများတွင် အုပ်ချုပ်ရေးပိုင်းသည်ပါဝင်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းကောင်းမွန်မှသာ တပ်များ၏စွမ်းရည်နှင့် စွမ်းအားများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရ သူများအနေဖြင့်လည်း မိမိတို့၏ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေကြောင်း၊ အသောက်အစားအပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

အုပ်ချုပ်မှုကောင်းအောင်၊ သက်သာချောင်ချိမှုများရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်သားတစ်ဦးချင်းစီ၏ စိတ်ဓာတ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အဆိုပါ တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီး ၄ ရပ်ကို အလေးထား လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။

### ပညာရေးအားပေးရန်နှင့် တပ်မတော်သားကောင်းများဖြစ်စေရန်

တပ်မတော်သား မိသားစုဝင်များ၏ ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့ ၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ အနည်းဆုံးအဆင့် အခြေခံပညာအလယ်တန်းအောင်မြင်အောင် သင်ကြား၍ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ၌ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ကိုယ်တိုင်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လို**ကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာပေး ဆောင်းပါးများကိုလည်း ဖတ်ရှုလေ့လာပြီး အချင်းချင်း ပြန်လည်မျှဝေ ဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များ အသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏ အဖွဲ့အစည်းကိုထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်း အသိတရားဖြင့် အသုံးပြုကြရန်လိုကြောင်း၊ တာဝန်ရှိသူများကလည်း စစ်ဆေးကြပ်မတ်ပေးနေရန် လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေးစွမ်းပကားများ တိုးတက်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကောင်းအောင် ထိန်းသိမ်းဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်အတွက် နာမည်ကောင်းကျန်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလို**ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာ ရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံ တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၉၉ ရက်
သာ လိုတော့သည်။

- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E.Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံကောင်းအဖြစ် အစဉ်အမြဲရပ်တည်ပေးနေမှု၊ ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ဆောင်ရွက်မည့်အခြေအနေ၊ မဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်မှုအခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုသွားမည့်အခြေအနေနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲအဖြစ် ဖော်ဆောင်နိုင်ရေး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ပြုသွားမည့်အခြေအနေ၊ သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများအပါအဝင် နည်းပညာဆိုင်ရာသင်တန်းများကို အိန္ဒိယနိုင်ငံ၏ကူညီမှုဖြင့် ရွေးကောက်ပွဲလွန်ကာလတွင် ဆောင်ရွက်သွားလိုသည့် အခြေအနေနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

## စစ်တွေမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးပွဲ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၁၉**

မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သက်ကြီးမဲဆန္ဒရှင်များနှင့် မသန်စွမ်း မဲဆန္ဒရှင်များ တက်ရောက်ကြသည်။



ဦးစွာ စစ်တွေမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရုံးမှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေး စက် (MEVM)ဆိုင်ရာ အချက်အလက်များနှင့် အသုံးပြုပုံ နည်းစနစ်များကို ရှင်းလင်း ပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများနှင့် မသန်စွမ်းပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

### လက်တွေ့စမ်းသပ်မဲပေး

ထို့အတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့တို့တွင်လည်း သက်ဆိုင်ရာမြို့နယ်ခန်းမများ၌ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်(၄) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး စားရိပ်သာ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ချီးမြှင့်ငွေကျပ် ၁၀၄၄၉၀၀၀ ပေးအပ်ချီးမြှင့်သည်။

**တင်ထွန်း (ပြန်/ဆက်)**
**ဓာတ်ပုံ – ဝင်းမင်းစိုး**

✧ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ခဲ့သည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် သက်တမ်းအရှည်ကြာဆုံး နိုင်ငံတကာ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များအနက် တစ်ခုဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်လာသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အရေးပါသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပါရှိသည်ကိုလည်း တွေ့ရှိရသောကြောင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေး၊ ခရီးသွားလာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များသာမက နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် မြန်မာနိုင်ငံ၌ သဘာဝဘေးဒဏ်ထိခိုက်ခံစားခဲ့ရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခဲ့ခြင်းများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီအစဉ်မှ ဖွင့်လှစ်သင်ကြားပေးခဲ့သော သင်တန်းများတွင် တက်ရောက်အောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်တတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် အထောက်အကူပြု တာဝန်ထမ်းဆောင်လျက်ရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ အထိမ်းအမှတ်အခမ်းအနား၏ အောင်မြင်မှုကိုဂုဏ်ပြုရင်း နောင်လာမည့်နှစ်များတွင်လည်း အောင်မြင်မှုများ ပိုမိုရရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် သင်တန်းသားဟောင်းများက အတွေ့အကြုံများအား ရှင်းလင်းမျှဝေပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားသို့တက်ရောက်လာကြသူများသည် အိန္ဒိယယဉ်ကျေးမှု အကအဖွဲ့များ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြကာ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ် Grand Ball Roomခန်းမ၌ ကျင်းပသည်။



ဦးစီးကော်မတီ၏ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တစ်ခုတည်းသော စာချုပ်ဖြစ်ကြောင်း၊ NCA သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွှတ်တော်ပြင်ပတွင် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုဟုလည်းဆိုနိုင်ကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသော လုပ်ငန်းကော်မတီများအနေဖြင့် အချိတ်အဆက်မိမိဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ NCA အခမ်းအနားတက်ရောက်မည့်သူများအား ဖိတ်ကြားမှုကို အချိန်မီဖိတ်ကြားပေးစေလိုကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် ဝန်ကြီးဌာနများကလည်း ပြခန်းများ ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခမ်းအနားအတွက် လုပ်ငန်းကော်မတီအလိုက် သုံးစွဲကုန်ကျမည့်ငွေများနှင့်ပတ်သက်၍ ဘဏ္ဍာရေးညွှန်ကြားလွှာပါ စည်းမျဉ်းများအတိုင်း စနစ်တကျဖြင့် စိစစ်တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စများကို အသေးစိတ်ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကိစ္စရပ်များ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးပြီး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်၊ အဓိက သက်ဆိုင်ရာအဖွဲ့အစည်း Stakeholders များအကြား ပါဝင်သင့်ပါဝင်ထိုက်သူ အားလုံးပါဝင်သည့် ဆွေးနွေးမှုများကို တိုးမြှင့်ရန် ရည်ရွယ်၍လည်းကောင်း၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပြည်သူလူထုသဘောပေါက် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်၍ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍လည်းကောင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

NCA အခမ်းအနားသို့ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ NCA လက်မှတ်ရေးထိုးခဲ့ကြသူများ၊ NCA အသိသက်သေများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် လေ့လာသူများကို ဖိတ်ကြားမည်ဖြစ်သည်။ တက်ရောက်လာကြသူများအနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်းအမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ စက်တင်ဘာ ၁၉ ရက်က သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်နိုင်မိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ အမှတ်(၂၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ တင်ညိုညိုတို့ ဦးစီး၍ စုပေါင်းအင်အား ၁၀၉ ဦးဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုငွေး



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၂၀၂၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ သင်တန်းများအတွက် သင်တန်းသားရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များ၌ ၂၀၂၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ရွေးချယ်ရေးအတွက် သင်တန်းသားရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ လျှာထားမှုစာရင်း၊ လျှောက်ထားမှုစာရင်း၊ လျှောက်ထားမှုတို့နှင့် စပ်လျဉ်း၍ တက္ကသိုလ်အလိုက် အသေးစိတ်ဆွေးနွေးတင်ပြခြင်း၊ ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာစစ်အဖွဲ့များ ဖွဲ့စည်းခြင်း၊ ဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လူတွေ့နှုတ်ဖြေ အမှတ်ပေး“မူ” သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေး ကျေးလက်နေပြည်သူများထံ သတင်းမှန်များဖြင့်ဝေ၍ အတွေးမှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဆောင်ရွက်ပေးစေလို

ရန်ကုန် စက်တင်ဘာ ၁၉

ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကား ပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မကြာသေးမီက နိုင်ငံတော်အကြီးအကဲ သွားရောက်ခဲ့သည့် တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံကြီးအချို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများက မြန်မာနိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲကို ထောက်ခံကြောင်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များ လွှတ်ပေးမည်ဟု ပြောကြားမှုများရှိခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မိမိတို့အားလုံး မီဒီယာနည်းလမ်းများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် ပြည်သူများ လုံခြုံစွာမဲပေးနိုင်ရန်အတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် ကျေးလက်နေပြည်သူများထံ သတင်းမှန်များဖြန့်ဝေ၍ အတွေးမှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ အထူးသဖြင့် လူငယ်များကို အသိပညာဖြန့်ဝေ၍ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးရန်နှင့် လမ်းမှားရောက်နေသည့် လူငယ်များကိုလည်း လမ်းမှန်သို့ရောက်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ဖလင်ပိဋကတ်တိုက်အတွင်း ရုပ်ရှင်ဖလင်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးမဖြတ်နိုင်သည့် မော်ကွန်းရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေးနှင့် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကာ ယခင် မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံသည် ၁၉၂၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုအခါ နှစ် ၁၀၀ ခန့် သက်တမ်းရှိကာ ယခင်က မော်ကွန်းရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ်၊ ထုတ်လုပ်ခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ဆင်ဆာကြည့်ရှုခြင်း၊ ရုပ်ရှင်ထူးချွန်ဆုများ စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အဆောက်အအုံဖြစ်သည်။

ယင်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများပြီးစီးပါက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၉

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ဒုတိယစာသင်နှစ်ဝက်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရန်ကုန်ပညာရေးတက္ကသိုလ်သည် အခြေခံပညာကဏ္ဍအတွက် အရေးကြီးသည့် ဆရာ ဆရာမလောင်းများကို မွေးထုတ်ပေးသည့် တက္ကသိုလ် ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားရေး ပညာတော်သင်စေလွှတ်ခြင်းနှင့် ရက်တိုသင်တန်းများစေလွှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရေးတက္ကသိုလ်အနေဖြင့်ပူးပေါင်း ပံ့ပိုးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ် လေ့ကျင့်ရေးတက္ကသိုလ်၊ အထက်တန်းကျောင်း(TTC)နှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ဆရာ ဆရာမများ၏ မြေတောင်မြှောက် ပံ့ပိုးမှုဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုသည် အတော်ဆုံးဖြစ်ရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများက သင်ကြားရေးဆိုင်ရာများ၊ အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ ကျောင်းဖွံ့ဖြိုးရေးဘာသာရပ်များ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ ဒုတိယစာသင်နှစ်ဝက် စာမေးပွဲအေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး (၂၅) နှစ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ ကျင်းပနိုင်ရေး၊ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့တွင် လစ်လပ်သွားသော အမှုဆောင်အဖွဲ့ဝင် ပညာရှင်ဆရာကြီး ဆရာမကြီးများနေရာတွင် အစားထိုးခန့်ထားနိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကလေးများ၏ ပညာရေးနှင့် ပတ်သက်သည့်သုတေသနစာတမ်းများရေးသားနိုင်ရေး၊ လက်ရှိပညာရေးကဏ္ဍအတွက် အကျိုးပြုနိုင်သည့် သုတေသနစာတမ်းများ ရေးသားနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီရုံး၌ ကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ပြဋ္ဌာန်းခဲ့သည့် Grade-12 သင်ရိုးညွှန်းတမ်းများ ပြန်လည်ပြင်ဆင်ဆန်းစစ်ခြင်း၊ စစ်ဆေး တည်းဖြတ်ခြင်း၊ Grade-12 ဘာသာရပ်များ သင်ကြားမှုနည်းလမ်းများနှင့် ပတ်သက်၍ အကြံပြုခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ရန်ကုန်ရုံးခွဲ၌ ဖွင့်လှစ်လျက်ရှိသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ အလယ်တန်းပညာရေး ဗဟိုအဆင့်ကြီးကြပ်နည်းပြသင်တန်း ဖွင့်လှစ်ပို့ချနေမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြိတ်မြို့ရှိ POLYTECHNIC UNIVERSITY (MYEIK)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တနင်္သာရီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိPOLYTECHNIC UNIVERSITY (MYEIK)ကို ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ POLYTECHNIC UNIVERSITY (MYEIK) မှ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများ၊ အားကစားခန်းမများ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်) နှင့် POLYTECHNIC UNIVERSITY (MYEIK) Faculty of Computing တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လွတ်လပ်ပြီး တရားမျှတသည့် သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းကြပါစို့

ကိုရင်မောင်

> ၂၀၁၇ ခုနှစ် ကာလပိုင်းလောက်ကစလို့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို အာဏာရပါတီဝင်တွေနဲ့ ထောက်ခံသူတွေ၊ ပါတီကိုယ်စားပြုသူတွေကို ရည်ရွယ်ချက်ရှိရှိ ပြောင်းလဲခန့်အပ်ခဲ့တာတွေကို မှတ်မိသေးပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ယူပေးရမယ့် ပြည်ထောင်စုအဆင့်မှ အောက်ခြေအဆင့်ဆင့် တာဝန်ယူပေးရမယ့် ရွေးကောက်ပွဲကော်မရှင်နဲ့ အစိုးရကိုယ်စားပြု တာဝန်ယူပေးရမယ့်သူတွေအားလုံးဟာ မိမိတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှု၊ နိုင်ငံတော်နဲ့ပြည်သူအပေါ်သစ္စာရှိမှုတွေဟာ နိုင်ငံတော်ရဲ့အရေးကြီးတဲ့ ရွေးကောက်ပွဲတွေမှာ လွန်စွာအရေးပါပါတယ်။ သက်ဆိုင်သူတွေအနေနဲ့ နိုင်ငံတော်အတွက် အကောင်း၊ အဆိုးရလဒ်တွေပေါ်ထွက်လာဖို့ အသက်တမျှ အရေးကြီးတဲ့အရေးဖြစ်တယ်ဆိုတာကို သတိပြုဖို့လို

တပ်မတော်အနေနဲ့ မြန်မာနိုင်ငံအတွက် စနစ်သစ်တစ်ခုကို လမ်းခင်းပုံဖော်ပေးနိုင်ဖို့ ၂၀၁၁ ခုနှစ် နှစ်ဦးမှာ ခေတ်သစ်ကတ္တီပါကားလိပ်ကို ခမ်းနားစွာဖွင့်လှစ်ပေးလိုက်ပြီး ပထမဆုံးအကြိမ် ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို စတင်ခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ အစိုးရနှစ်ဆက် တာဝန်ယူခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် ရောက်တဲ့အခါ ဒီမိုကရေစီအစိုးရတတိယသက်တမ်းအတွက်ပြုလုပ်ခဲ့တဲ့ ပါတီစုံရွေးကောက်ပွဲမှာ အကျည်းတန်အရုပ်ဆိုးတဲ့ မဲမသမာမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ထိုစဉ်က အာဏာရပါတီကြီးကိုယ်တိုင် မဲမသမာမှုတွေလုပ်ခဲ့တာကိုလည်းတွေ့ရပါတယ်။ ဒီအဖြစ်အပျက်တွေကို ကျွန်တော်တို့အပါအဝင်အားလုံး ကြုံတွေ့ဖြတ်သန်းခဲ့ကြရလို့ မှတ်မိနေဆဲဖြစ်ပါတယ်။

ခေတ်သစ် ရွေးကောက်ပွဲတွေနဲ့ ပတ်သက်လို့ ပြန်လည်စေ့ငုကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အာဏာကို စနစ်တကျ လွှဲပြောင်းပေးနိုင်ဖို့ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပခဲ့ပါတယ်။ အဆိုပါရွေးကောက်ပွဲမှာ ကြိုတင်မဲ၊ ပယ်မဲတွေကြောင့် အငြင်းပွားဖွယ်ရလဒ်တွေကို ပြည်တွင်း၊ပြည်ပက ဝေဖန်ခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲရလဒ်

> အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

ကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးသူအဖြစ် ပြည်တွင်း၊ ပြည်ပက အသိအမှတ်ပြုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ အတိုက်အခံပါတီအနိုင်ရရှိခဲ့ရာ ဒီမိုကရေစီ ပထမအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်အာဏာကို ဂုဏ်သိက္ခာရှိစွာ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

### စည်းကမ်းဖောက်ဖျက်

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ သန့်ရှင်း၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ အောင်မြင်စွာကျင်းပပေးနိုင်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ဖြောင့်မတ်မှန်ကန်တိကျပြီး အသန့်ရှင်းဆုံး ရွေးကောက်ပွဲအဖြစ် သမိုင်းမော်ကွန်းတင်နိုင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ တတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ ဆောင်ရွက်ရာမှာ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေတာကို ခုတုံးလုပ်ပြီး အကျပ်အတည်းနဲ့ ကြုံတွေ့ရချိန်မှာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွေကို ဥပဒေမဲ့ ယာဉ်တန်းအမျိုးမျိုးနဲ့ လူထုအင်အားများစွာ လက်သီးလက်မောင်းတန်းပြီး ပျော်ပွဲရွှင်ပွဲလိုပြုလုပ်ခဲ့ကြတာတွေကို မှတ်မိကြဦးမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စည်းကမ်းချက်တွေကို ဖောက်ဖျက်ပြီး စည်းမဲ့ကမ်းမဲ့လုပ်ကြတဲ့အပြင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီကတည်းက မဲစာရင်းတွေမှားယွင်းတိမ်းစောင်းမှုတွေ အမြောက်အမြားရှိခဲ့ပါတယ်။ ကြိုတင်မဲအမျိုးမျိုးနဲ့ အငြင်းပွားဖွယ် ကိစ္စတွေရှိခဲ့ပြီး ရွေးကောက်ပွဲ ကျင်းပတဲ့နေ့ရက်နောက်ပိုင်းမှာ ရေတွက်ဖော်ပြလို့ မရနိုင်လောက်အောင် ဥပဒေမဲ့၊ တရားမဲ့ပြုကျင့်မှုမျိုးစုံ ပေါ်ပေါက်ခဲ့ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်း ခေါင်းစဉ်အောက်မှာ ပုဒ်မ(၃၉၈) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း၊ ပုဒ်မ(၃၉၉) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ တာဝန်ဖော်ပြထားချက်အရ ကော်မရှင်အဖွဲ့ဝင်တွေရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့ ကော်မရှင်ဟာ ဘယ်လိုလုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရမယ်လို့ အတိအကျ ပြဋ္ဌာန်းထားပါတယ်။

### ဖိအားပေးစေခိုင်းခဲ့

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအပြီးမှာ နိုင်ငံအတွင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေ (ဥပဒေမဲ့ တရားမဲ့ပြုကျင့်မှုတွေ) အပါအဝင် အမှုတွေအမြောက်အမြားရှိခဲ့ပြီး ရဲအရေးပိုင်တဲ့ အမှုနဲ့ တရားရုံးဆိုင်ရာ အရေးပါတဲ့ အမှုပေါင်း ၈၀၀ ကျော်ခန့် ကန့်ကွက်လွှာတွေ တင်သွင်းခဲ့တာရှိခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ ဖြစ်ပေါ်ခဲ့ရာမှာလည်း မဲရုံအသီးသီးမှာ လုံခြုံရေး တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေကို အုပ်ချုပ်ရေးအာဏာပိုင်တွေက ဖိအားပေးစေခိုင်းခဲ့တာလို့ ပြောဆိုမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ကာလပိုင်းလောက်ကစလို့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို အာဏာရပါတီဝင်တွေနဲ့ ထောက်ခံသူတွေ၊ ပါတီကိုယ်စားပြုသူတွေကို ရည်ရွယ်ချက်ရှိရှိ ပြောင်းလဲခန့်အပ်ခဲ့တာတွေကို မှတ်မိသေးပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ယူပေးရမယ့် ပြည်ထောင်စုအဆင့်မှ အောက်ခြေအဆင့်ဆင့် တာဝန်ယူပေးရမယ့် ရွေးကောက်ပွဲကော်မရှင်နဲ့ အစိုးရကိုယ်စားပြု တာဝန်ယူပေးရမယ့်သူတွေအားလုံးဟာ မိမိတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှု၊ နိုင်ငံတော်နဲ့ပြည်သူအပေါ်သစ္စာရှိမှုတွေဟာ နိုင်ငံတော်ရဲ့အရေးကြီးတဲ့ ရွေးကောက်ပွဲတွေမှာ လွန်စွာအရေးပါပါတယ်။ သက်ဆိုင်သူတွေအနေနဲ့ နိုင်ငံတော်အတွက် အကောင်း၊ အဆိုးရလဒ်တွေပေါ်ထွက်လာဖို့ အသက်တမျှ အရေးကြီးတဲ့ အရေးဖြစ်တယ်ဆိုတာကို သတိပြုဖို့လိုပါတယ်။

### အထောက်အထားခိုင်မာ

မြန်မာနိုင်ငံမှာ အရေးပေါ်ကာလဖြစ်ပေါ်လာရခြင်းရဲ့ အခြေခံအကြောင်းရင်းမှန်ဟာ ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲမှာ မဲမသမာမှုတွေ၊ မတရားပြုကျင့်မှုတွေကြောင့် ဖြစ်ခဲ့ရတာတွေဟာ ငြင်းမရတဲ့ သမိုင်း မှတ်တမ်းတွေဖြစ်ပါတယ်။ ရွေးကောက်ပွဲ ကျင်းပဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ချိန်မှာ မမျှတမှုတွေ ဖြစ်ပေါ်နေတာကို နိုင်ငံရေးပါတီတွေက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အသိပေးပြောကြတာကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းတွေကို အသိပေးပေးမယ့်လည်း အရေးယူဆောင်ရွက်တာတွေ မရှိခဲ့ပါဘူး။ ရွေးကောက်ပွဲကျင်းပပြီးချိန်မှာလည်း မဲစာရင်းမှားယွင်းမှုတွေကို ပါတီအချို့က အသိပေးပြောကြားခဲ့ပါတယ်။ မဲစာရင်းမှားယွင်းမှုတွေနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေကို စိစစ်အရေးယူပေးဖို့ သက်ဆိုင်ရာအစိုးရအဖွဲ့ထံ အကြိမ်ကြိမ်အသိပေး အကြောင်းကြားခဲ့ပေမယ့်လည်း ဖြေရှင်းဆောင်ရွက်ပေးတာမရှိဘဲ လွှတ်တော်ခေါ်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူဖို့ ကြိုးစားခဲ့တာကြောင့်မရှောင်မလွှဲသာဘဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူ ထိန်းသိမ်းခဲ့ခြင်းဖြစ်ပါတယ်။

### အခွင့်ကောင်းယူအမြတ်ထုတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နဲ့ ၄၁၈ အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို စတင်တာဝန်ယူတဲ့အချိန်မှာအာဏာရပါတီကိုထောက်ခံတဲ့သူတွေနဲ့ အရေးပေါ်အခြေအနေကြေညာတာကို မကျေနပ်တဲ့သူတွေကစလို့ ဆူပူဆန္ဒပြမှုတွေ ကျယ်ပြန့်လာခဲ့ပါတယ်။ ဆူပူဆန္ဒပြရာကနေ အကြမ်းဖက် တိုက်ခိုက်မှုတွေအထိ ပြုလုပ်လာကြပါတယ်။ တစ်ချိန်တည်း မြန်မာနိုင်ငံမှာ ယခင်ကတည်းကရှိလာတဲ့ ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းတွေဟာ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကို အခွင့်ကောင်းယူ အမြတ်ထုတ်ဖို့ အကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စတင်တာဝန်ယူ ထမ်းဆောင်တဲ့အချိန်ကစလို့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်ကို ကြည့်မယ်ဆိုရင် **“အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”**လို့ အတိအလင်း အသိပေးခဲ့ပါတယ်။ နိုင်ငံတော် တာဝန်ယူပြီး နှစ်နှစ်တာကာလအတွင်းရွေးကောက်ပွဲ ပြန်လည်ကျင်းပပြုလုပ်ပေးဖို့ အစိုးရအနေနဲ့ စဉ်းစားဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

### အောင်မြင်အောင်ဆောင်ရွက်

ဒါပေမဲ့ အဲဒီအချိန်ကာလက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကာလဖြစ်နေတာနဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ တိုင်းပြည်မှာ တည်ငြိမ်အေးချမ်းမှု အခြေအနေတွေ လိုအပ်နေတာကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိခဲ့ပါဘူး။ ၂၀၂၄ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှာ ထိုစဉ်အချိန်ကာလ နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိတ္ထီလာမြို့မှာ မြို့မိမြို့ဖတွေကို တွေ့ဆုံစဉ် ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် အကုန်မှာ ကျင်းပပေးမယ်ဆိုတဲ့ ပြောစကားကို စတင်ကြားသိ သတိပြုမိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ ၂၀၂၅ ခုနှစ် ဇူလိုင်လကုန်မှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ထမ်းဆောင်လာခဲ့တာဟာ ၄ နှစ်နဲ့ ၆ လကာလရှိပြီဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ ကာကွယ်ရေးစတဲ့ ကဏ္ဍအသီးသီးကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဆောင်ရွက်ရန် ကိစ္စတွေလည်း ရှိပါသေးတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစလို့ နိုင်ငံတော်ရဲ့ အခြေအနေအပေါ် မူတည်ပြီး ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တာဟာ ငြင်းမရတဲ့ လုပ်ဆောင်မှုတွေဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၆ မှာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဟာ ပုဒ်မ ၄၁၇ နဲ့ ပုဒ်မ ၄၁၈ အရ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေတဲ့ကိစ္စနဲ့ ပတ်သက်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားတဲ့ တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြတဲ့အစီရင်ခံစာကို လက်ခံရရှိတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့တဲ့အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမယ်လို့ ဖော်ပြထားပါတယ်။ **စာမျက်နှာ ၁၁ သို့** ❖

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် ဆောက်လုပ်ရေးဝန်ကြီးများစားပွဲဝိုင်းအစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံ- တရုတ် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်(Guilin)မြို့၌ ကျင်းပသည့် အာဆီယံ-တရုတ် ဆောက်လုပ်ရေးဝန်ကြီးများစားပွဲဝိုင်းအစည်းအဝေးနှင့် နန်နင်း (Nanning)မြို့၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံ-တရုတ်နိုင်ငံများမှ ဧည့်သည်တော်များနှင့်အတူ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင် (Guilin)မြို့၌ ရောက်ရှိနေစဉ် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိမ်ရာနှင့် မြို့ပြ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် သီးခြားတွေ့ဆုံ၍ အာဆီယံ-တရုတ် ဆောက်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အိမ်ရာနှင့်မြို့ပြ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ထိရောက်သောအကျိုးရလဒ်များ၊ ခေတ်သစ်ပိုးလမ်းမကြီး (Belt and Road Initiative – BRI) နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China – Myanmar Economic Corridor – CMEC) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည့်အခြေအနေများ၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းတို့တွင် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကွေ့လင် (Guilin)မြို့ရှိ ASEAN–China Building Technology Exhibition သို့ သွားရောက်ပြီး ပြခန်းများတွင် ပြသထားသည့် ဆောက်လုပ်ရေးဆိုင်ရာပြခန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် အာဆီယံ-တရုတ် ဆောက်လုပ်ရေးဝန်ကြီးများစားပွဲဝိုင်းအစည်းအဝေး (ASEAN–China Ministerial Roundtable on Construction 2025) သို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် အဓိကဆွေးနွေးမည့်အကြောင်းအရာဖြစ်သော “ဒစ်ဂျစ်တယ်နည်းပညာ ဉာဏ်ရည်တုအသုံးချမှုဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းဖြင့် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ အဆောက်အအုံကဏ္ဍ အရည်အသွေးမြင့်မားဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်း” ကို အသုံးချဆောင်ရွက်ခြင်းဖြင့် စမတ်မြို့ပြ၊ ကာဗွန်ထုတ်လုပ်မှု လျော့ချသောမြို့ပြများကို ရည်မှန်းချက်ထားရှိသည့်အတိုင်း အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း တွက်ချက်၍ ကာကွယ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အိမ်ရာ၊ မြို့ပြ-ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတွင် ပြည်သူ့လူနေမှုဘဝများမြှင့်တင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် မြို့ပြအစီအစဉ်အသစ်များ၏ ရည်မှန်းချက်များ အောင်မြင်စေရေးတို့ကို အာဆီယံ-တရုတ် ကျယ်ပြန့်သော မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းနှင့် မြို့ပြအရည်အသွေးမြှင့်တင်ခြင်းတို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ၊ အစိမ်းရောင်မြို့ပြအဆောက်အအုံဆိုင်ရာနည်းပညာများနှင့် ဘေးကင်းလုံခြုံသော လူမှုပတ်ဝန်းကျင်များအတွက် သတင်းအချက်အလက်အခြေခံဉာဏ်ရည်တုနည်းပညာများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုရလဒ်များကို ယခုကဲ့သို့ အာဆီယံ-တရုတ် ဆောက်လုပ်ရေးဆိုင်ရာ အစည်းအဝေးများ၊ ပြပွဲများမှတစ်ဆင့်မျှဝေခြင်းဖြင့် ဒေသတွင်း လူမှုအသိုက်အဝန်းအား ပိုမိုကောင်းမွန်သောမြို့ပြများ ပေါ်ထွန်းရေး အထောက်အကူဖြစ်ပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးဆောင်ကျင်းပသည့် ဆောက်လုပ်ရေးနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များ ပါဝင်သော ASEAN–China Cooperation and Development Forum on Building Industry 2025 အလွတ်တန်းအဆင့်ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် ညွှန်ကြားရေးမှူးချုပ်က Digital Transformation and Green Approach For Urban Development ခေါင်းစဉ်ဖြင့် တက်ရောက်ပါဝင် ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်တွင် အာဆီယံ-တရုတ် ဆောက်လုပ်ရေးဝန်ကြီးများ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ကွေ့လင်(Guilin)မြို့မှ နန်နင်း(Nanning)မြို့သို့ သွားရောက်ကာ (၂၂)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်လုံခြုံရေးအပါအဝင် ကောင်စစ်ရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၁၀ မှ

### ဥပဒေနှင့်အညီဆောင်ရွက်

ယခုအခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသော တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြတဲ့အစီအရင်ခံစာကို လက်ခံရရှိပြီးဖြစ်လို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အာဏာတွေကို ကျင့်သုံးနေစဉ်ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်တဲ့လမ်းညွှန်မှုတွေပြုနိုင်ဖို့နဲ့ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းပြီး လုပ်ငန်းစဉ်တွေကို အောင်မြင်အောင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံ့တာဝန်ကို စတင်ရယူဆောင်ရွက်တဲ့အချိန်မှာ ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ အသိပေးပြောကြားထားပြီးဖြစ်သလို ရွေးကောက်ပွဲကျင်းပရေးကတိကဝတ်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လိုက်နာ အကောင်အထည်ဖော်ခဲ့တာကို တွေ့ရပါတယ်။ ပုဒ်မ ၄၁၈ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့တဲ့အမိန့်ကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက ပယ်ဖျက်ကြောင်း ကြေညာခဲ့တဲ့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက် နေ့မှစတင်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၄၂၉ ပြဋ္ဌာန်းချက်တွေနဲ့အညီ ခြောက်လအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရမှာဖြစ်ပါတယ်။ အခု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဩဂုတ်လ ၁၈ ရက်နေ့မှာ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှာ စတင်ကျင်းပမယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။

### ရွေးကောက်ပွဲကာလစိတ်ချ

ရွေးကောက်ပွဲကို ကျင်းပပေးရာမှာ တိုင်းရင်းသားတွေနဲ့ ပါတီငယ်တွေအနေနဲ့လည်း နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်နိုင်ဖို့ အချိုးကျကိုယ်စားပြုစနစ် (PR)ကို ရွေးကောက်ပွဲမှာ ထည့်သွင်းပေးထားတာကိုတွေ့ရသလို ပြည်သူလူထုတစ်ရပ်လုံး လွတ်လပ်လုံခြုံစွာ ဆန္ဒမဲပေးနိုင်ဖို့အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွေကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့တာကို တွေ့ရပါတယ်။ အစောပိုင်းကာလတုန်းက ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲလုံခြုံရေး၊ ပါတီဝင်တွေ၊ ပါတီရုံးတွေ၊ ကိုယ်စားလှယ်လောင်းတွေ လုံခြုံရေးနဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုတွေရှိတယ်လို့ ပြောကြပေမယ့်လည်း ဇူလိုင်လ ၂၉ ရက်နေ့က အတည်ပြုပြဋ္ဌာန်းပေးခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွေကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ အကာအကွယ်ပေးရေး ဥပဒေအရ ရွေးကောက်ပွဲကာလမှာ လုံခြုံစိတ်ချ အကာအကွယ်ရကြမည်မှာ သေချာပါတယ်။

အချုပ်အားဖြင့်ဆိုရရင် နိုင်ငံတော်အစိုးရရဲ့ အန္တိမရည်မှန်းချက်လည်းဖြစ်၊ ပြည်သူတွေရဲ့ လိုလားချက်ဆန္ဒလည်းဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာဖြစ်ထွန်းရေးအတွက် မသမာမှုများကင်းရှင်းပြီး လုံခြုံစိတ်ချရတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နဲ့အတူ ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြပါစို့လို့ အသိပေးနှိုးဆော်လိုက်ရပါတယ်။ ။

# စစ်ကိုင်းမြို့၌ လူမှုရေးပင်စင်၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆောက်လုပ်ရေး၊ လမ်းတံတားနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဆောက်လုပ်ရေး၊ လမ်းတံတားနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးညွန့်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များအတွက် အထောက်အပံ့ဖြစ်နိုင်စေရေးနှင့် ၎င်းတို့အား လေးစားတန်ဖိုးထားသောအားဖြင့် အစိုးရကထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ခြောက်လစာ တစုတစည်းတည်းပေးအပ်ခြင်းဖြစ်ကြောင်း၊ ရပ်ရွာအတွင်း လူမှုရေးလိုအပ်ချက်များအပေါ်မူတည်ပြီး စေတနာကိုအရင်းခံ၍ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နေကြသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ဂေဟာရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်စေလိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် လမ်းပျက်စီးမှုလုပ်ငန်း ပေါင်း ၆၂၇ ခု၊ တံတားလုပ်ငန်း ၁၈၅ ခု ပျက်စီးခဲ့ကြောင်းနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင်လည်း လူနေအိမ်နှင့် ရုံးအဆောက်အအုံများ ပြိုကျပျက်စီးခဲ့မှုကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၈၁၀၀၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် အဆောက်အအုံနှင့် လမ်းတံတားကဏ္ဍ ထိခိုက်ပျက်စီးမှုများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားဖြစ်စေနိုင်သောကြောင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့် ရှိသူ သက်ကြီးပုဂ္ဂိုလ် ၃၃၁၃ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေးကျပ် ၁၉၀ ဒသမ ၇၄ သန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာနှစ်ခုနှင့် ဘိုးဘွားရိပ်သာ ရှစ်ခု စုစုပေါင်း ဂေဟာ၊ ရိပ်သာ ၂၂ ခု၊ စေတနာမူလတန်းကြိုကျောင်း တစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၄၀ အတွက် ထောက်ပံ့ကြေးငွေကျပ် ၁၄၈ ဒသမ ၃၅၇ သန်းနှင့် နေရပ်စွန့်ခွာပြည်သူ ၁၀၈၉၁၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၅၃၄ ဒသမ ၉၆၀ သန်းကို စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်း မူလတန်းကြိုကျောင်း၌ ကလေးငယ်များ မူကြိုပညာသင်ကြားနေမှုကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးရုံးမြေနေရာကိုလည်းကောင်း၊ စစ်ကိုင်းမျက်မမြင်သင်တန်းကျောင်း၌ အမျိုးသမီးအိပ်ဆောင်နှင့် ထမင်းစားဆောင် ဆောက်လုပ်မည့်မြေနေရာများကိုလည်းကောင်း၊ မျက်မမြင်ကလေးများ အတန်းပညာ၊ မျက်မမြင်အကြောပြင် အနှိပ်ပညာသင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုပေး

**လွိုင်ကော် စက်တင်ဘာ ၁၉**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့သို့ ယာယီနေရပ်စွန့်ခွာ ရောက်ရှိနေထိုင်လျက်ရှိသည့် ပြည်သူများ လတ်တလော နေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ ပြန်လည်နေရာချထားရေးနှင့် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် လည်ပတ်လုပ်ကိုင်နိုင်ရေး စနစ်တကျ စီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက်၌ ကုန်းသာကျေးရွာတွင် ပြန်လည်ဝင်ရောက်



နေထိုင်ရန် ရောက်ရှိလာသည့် ပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ မိမိရပ်ရွာဒေသတွင် စနစ်တကျ ပြန်လည်အခြေချနေထိုင်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီမံပေးလျက်ရှိပြီး စုရပ်နေရာတွင် နေထိုင်စဉ်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်၊ ကျောင်းနေအရွယ် ကလေးငယ်များ နီးစပ်ရာကျောင်းများတွင် တက်ရောက်ပညာသင်ကြားနိုင်ရန်နှင့် မိမိတို့၏ စိုက်ပျိုးမွေးမြူရေးနှင့် မူလအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် လည်ပတ်လုပ်ကိုင်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုံခြုံရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအားလုံးကလည်း ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာပြည်သူများက လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန် အချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများအလိုက် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေး၍ ယာယီနေရပ်စွန့်ခွာပြည်သူများသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များ နှင့် စားသောက်စရိတ် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ယာယီနေရပ်စွန့်ခွာပြည်သူများအား ကိုယ်ရေးအချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စိစစ်ပေးခြင်း၊ (UID) ရိုက်ကူးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား နိုင်ငံသားကတ်အသစ် ပြုလုပ်ဆောင်ရွက်ပေးနေမှု၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း (တောင်လေးလုံး)မှ ကျောင်းအုပ်ကြီး ရဲမှူးကြီးဇော်မိုး ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင် ၇၀ တို့က စုပေါင်းသွေးလှူဒါန်းကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၆၁) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက် ပြည်သူ့ဆေးရုံကြီးတွင် အင်းစိန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်မြင့်၊ လှိုင်သာယာ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါစိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင် ၁၅၀ တို့က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့စဉ်။

မြို့နယ်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာ၌ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ (၁:၃) ရောစပ်ကြဲပက်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲအခမ်းအနားကို တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးသည့် ဓာတ်မြေဩဇာများအား အမှန်တကယ်လိုအပ်သော တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်နှစ်သုံးသီး ရာသီပြည့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေး၊ လယ်ယာမြေများတွင် ပလပ်မြေမရှိအောင် ကွက်ပြည့်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဓာတ်မြေဩဇာ သွင်းအားစုများကို တောင်သူများထံ ပေးအပ်ကာ တောင်သူများနှင့်အတူ သဘာဝဓာတ်မြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောနှောကြဲပက်ခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပြည်ဝင်-အောင်းကုန်းကျေးရွာချင်းဆက်လမ်းသို့ သွားရောက်၍ နေပြည်တော်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုမှန်ကန်စေရေးအတွက် ပြည်သူများကစုပေါင်း၍ မန်ကျည်း၊ တမာ၊ ခရေ သစ်ပင်စိုက်ပျိုးနေမှု၊ လယ်ဝေးမြို့နယ် ပြောင်ခေါင်းကြီးကျေးရွာအုပ်စု ပန်းတင်ကျေးရွာအနီး စိန်တလုံးသရက်ခြံ ငါးကေ၌ မြေနိမ့်ကော်ဖီ (ရိုဘတ်စတာ)



အပင် ၁၀၀၀ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ပေးသည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ထွန်းလင်း(ဇေယျာမြေ)

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ဘီလီယံ ၁၀၀ ဖြင့် မိုးစပါးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်သည့် ဝယ်ကြိုတ်/ သွင်းအားစုများနှင့် တွေ့ဆုံညှိနှိုင်းစည်းဝေး

**ပုသိမ် စက်တင်ဘာ ၁၉**

၂၀၂၅-၂၀၂၆ခုနှစ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ဘီလီယံ ၁၀၀ ဖြင့် မိုးစပါးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်သည့် ဝယ်ကြိုတ်/ သွင်းအားစုများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။





**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုနှစ်တွင် သီးနှံစုံ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးအတွက် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးစိုက်ရာသီမှစ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၈၆ ဘီလီယံရရှိခဲ့ပြီး နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် တောင်သူများထံသို့ သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကာ သီးနှံစုံပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးအတွက် စိုက်တိုးမြှင့်အဖွဲ့များ၊ သွင်းအားစုအဖွဲ့များ၊ တောင်သူကြီးများ စသည့် Supply Chain တစ်ခုလုံးတွင် ပါဝင်ပတ်သက်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မိုးစပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဧရာဝတီတိုင်း ဒေသကြီးသည် ပြည်ပသို့ ဆန်တင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းကျော်ကို တင်ပို့လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် စိုက်တိုးမြှင့်အဖွဲ့များ၊ ဝယ်ကြိုတ်/ သွင်းအားစုများနှင့် Exporter များအနေဖြင့်လည်း တိုင်းဒေသကြီး၏ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေး၊ ဆန်စပါး အရည်အသွေးကောင်းမွန်ရေး၊ သွင်းအားစုများရရှိသည့် တောင်သူများအနေဖြင့် သွင်းအားစုနှင့် ညီမျှသည့် သီးနှံများပြန်လည်ပေးသွင်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းစေလိုကြောင်း ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မင်းဘူးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ရှိ မိုးနှောင်းဝါနှင့်မိုးစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**မကွေး စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီးအတွင်း သက်တန့်ရောင်စီမံကိန်းနှင့် အသင်းပိုင်ငွေတို့ဖြင့် သမဝါယမကဏ္ဍမှ မိုးစပါး ၁၂၉၅၈ ဧက၊ မိုးဝါ ဧက ၅၀၀၊ မိုးနှောင်းဝါ ဧက ၃၁၅၀၀ အကောင်အထည်ဖော်လျက်ရှိရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးဦးမျိုးအောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၇ ရက်က မင်းဘူးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ရှိ မိုးနှောင်းဝါနှင့် မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးသည် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးတွင် တိုင်းဒေသကြီးဦးစီးမှူး၊ ကွင်းဆင်းကြီးကြပ်တာဝန်ခံများနှင့်တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွင်း ဆောင်းမြေပဲလျာထားဧက ၃၀၀၀၀ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ဟသ်ာတမြို့နယ်၌ သဘာဝမြေဩဇာပြုလုပ်နည်းနှင့် လက်တွေ့အသုံးပြုနည်းသင်တန်း ဖွင့်လှစ်



**ဟသ်ာတ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းက အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းနှင့် လက်တွေ့အသုံးပြုနည်း သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဟသ်ာတမြို့နယ် အလုပ်သမား ညွှန်ကြားရေး ဦးစီး ဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ချောဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါ သင်တန်းအားမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူ သင်တန်းသား ၂၀ ဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျော့မောင်ငယ်ကျေးရွာရှိ စီမံကိန်းသီးနှံ (သက်တံ့ရောင်စီမံကိန်း)စိုက်ပျိုးလျက်ရှိသည့် မနောသုခစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေအား စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အသင်းမှလိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေး သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပိုးတောင်း**

**★ ဘာစီလိုနာအသင်းမှ**

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုး ကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ၅၈ မိနစ်နဲ့ ၆၇ မိနစ်တို့မှာ နှစ်ဂိုးသွင်းယူပေးခဲ့ပြီး နယူးကာဆယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန်မိနစ် ၉၀ မှာ အန်တိုနီဂျော်ဒန်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ နာပိုလီအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်မှာ ဟာလန်းက တစ်ဂိုး၊ ၆၅ မိနစ်မှာ ဒိုကူးက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ နာပိုလီအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်မှာ ဒီလော်ရန်ဇို တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရလို့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူးဟာလန်းဟာ ချန်ပီယံလိဂ်ပွဲစဉ် ၄၉ ပွဲ ပါဝင်ကစားပြီးချိန်မှာ သွင်းဂိုး ၅၀ အထိ ရှိလာခဲ့တာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ဖရန့်ဖက်အသင်းက ဂါလာတာစာရေးအသင်းကို ငါးဂိုး-တစ်ဂိုး၊ ကလက်ဘရုဂျ်အသင်းက မိုနာကိုအသင်းကို လေးဂိုး-တစ်ဂိုး၊ စပို့တင်းအသင်းက ကိုင်ရက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကိုပင်ဟေဂင်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၁၈ ရက်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးမြို့ ခုတင် (၃၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စောမြင့် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက သာခုကန်ဘုရားလမ်းရှိသာခုကန်ပရိယတ္တိစာသင်တိုက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦး ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၄၀ တို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အေးမိုး(ပြန်/ဆက်)

# ရန်ကုန်မြို့အတွင်း၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ပျက်ပြားစေရန်ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့်စတေကာများ လိုက်လံကပ်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာများ ရေးသားထားသည့် စတေကာများဖြင့် အများပြည်သူသွားလာနေသည့်နေရာများ၌စတေကာကပ်၍ လှုံ့ဆော်သူ အမျိုးသား နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများကို လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဘန်းကျေးရွာ ကျန်စစ်သားလမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်ရှိ လမ်းညွှန်ဆိုင်းဘုတ်၌ ကပ်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်





(တရားခံ ဝဲမှယာ ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင်(ခ)အကြီးကောင်၊ အောင်ရဲထွန်း(ခ)ရဲထွန်း)

သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လမ်းညွှန်ဆိုင်းဘုတ်ပေါ်၌ အလျား ခုနစ်လက်မ၊ အနံ လေးလက်မခန့်ရှိနောက်ခံအနီရောင်ပေါ်တွင် အဝါရောင်ဖြင့် ရွေးကောက်ပွဲအား ဆန့်ကျင်လှုံ့ဆော် ရေးသားထားသည့် စာသားပါ စတေကာတစ်ရွက်နှင့် အနက်ရောင်မဲပုံးပေါ်တွင် ကျည်ဆန်ပုံသင်္ကေတများပါ စတေကာတစ်ရွက် ကပ်ထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်း၍ ကျူးလွန်သူများကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်းက(ပ) ၈၁၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် အမှုဖွင့်လှစ်၍ ဖော်ထုတ် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သည့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ရဲထွန်း(ခ) ရဲထွန်း(၂၄)နှစ်နှင့် ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင်(ခ) အကြီးကောင်(၂၃)နှစ်တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ၎င်းတို့နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းတို့၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပျက်ပြားစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၃ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာ ၁၀ နေရာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်ရေးသားထားသည့် စာသားပါစတေကာများဖြင့် အသိပေးလှုံ့ဆော်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရကြောင်းနှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်၌ မြေငလျင်ဘေးအန္တရာယ် သတ္တိမြင်ရှင်တူ ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြေငလျင်ဘေးအန္တရာယ် သတ္တိမြင်ရှင်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြေငလျင်ဘေးအန္တရာယ် သတ္တိမြင်ရှင်တူ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များအား အသိပညာပေး ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစည်သူမျိုးက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက နောက်ဆက်တွဲ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာခြင်းနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာစနစ်များ ဆောင်ရန်၊ ရှောင်ရန်များ၊



ငလျင်ဘေးတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ပုံများကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက မြေငလျင်လှုပ်ခတ်နေစဉ် အဆောက်အအုံနှင့်ဝေးရာသို့ ထွက်ပြေးနိုင်ရန် ဆောင်ရွက်ခြင်း၊ စာသင်ခန်းအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ဒဏ်ရာရရှိသူများအား သယ်ယူခြင်း၊ အရေးပေါ်ဆေးကုသမှုပေးခြင်း စသည်တို့ကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

သက်လွင်စိုး (ပြန်/ဆက်)



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျွန်းရွှေဝါရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျွန်းရွှေဝါရောင်းဝယ်ရေးသမဝါယမအသင်း၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ကျွန်းရွှေဝါရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဒေါ်ထားဖြူဖြူဇင်က အသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော အသင်းသားများအား အသင်းသား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

# မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဟောပြော

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အခွန်ဦးစီးရုံး၏ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍



ရှင်းလင်း ဟောပြောဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) သင်တန်းခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က အမှာစကားပြောကြားပြီး မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်မျိုးထွန်းက အခွန်ဆိုင်ရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြပြီး အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မောင်အေးချမ်း

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မုံရွာမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ



မုံရွာ စက်တင်ဘာ ၁၉

မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ စာတွေ့၊ လက်တွေ့ပို့ချပေးမည့် သင်ခန်းစာများ ကြိုးစားသင်ယူပြီး ထပ်ဆင့်သင်ကြားနိုင်ရေးကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်အောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်းတွင် သင်ကြားပို့ချပေးသွားမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

နည်းပြဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိဖွင့်လှစ်ကာ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ဆိုင်ရာ အချက်အလက်များ၊ အသုံးပြုပုံနှင့် ထိန်းသိမ်းရေးဆိုင်ရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၅ ဦး တက်ရောက်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း



ရန်ကုန် စက်တင်ဘာ ၁၉

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်မောင်လတ်(စာရေးဆရာသက်မောင်)-ဒေါ်ကြွယ်ကြွယ်(စာရေးဆရာမကြီး မကြွယ်ကြွယ်)၊ ကွယ်လွန်သူမောင်များဖြစ်ကြသော (ဦးစိုးမြတ်)နှင့်(ဦးချစ်ကြည်)တို့အား ရည်စူး၍ ဒေါ်ချိုချိုလတ်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ရေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးညွန့်ဟန်(သုတေသီမောင်ဟန်)နှင့် ဒေါ်ပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ်နှစ်သိန်းစီ၊ ဦးဖေသန်း (မဲခေါင် စာပေဆုရနေမင်းသန်း)က ငွေကျပ် ၁၅၀၀၀၀၊ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့၊ ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း-စက်မှု)၊ ဦးကြည်စိန်(မော်ဝန်းကြည်မြတ်)၊ ဦးထင်ကျော်(နိုင်မျိုးသစ္စာ-နမ္မတူ)နှင့် ဗဟန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြယ်နီလေး(ဥပဒေ)က ငွေကျပ်ငါးသောင်း၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိစာအုပ်များ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)နှင့် အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



# ကျောက်တန်းမြို့နယ်၌ နည်းစနစ်မှန် သွားတိုက်ခြင်း လှုပ်ရှားမှုဆောင်ရွက်

ကျောက်တန်း စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် ယမန်နေ့နံနက်ပိုင်းက After Lunch tooth-brushing activity ကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(သွားကျန်းမာရေး) ဒေါက်တာကွန်စတန်ဦးဆောင်၍ အနောက်ပိုင်းဆေးရုံကြီးမှ သွားနှင်ခံတွင်း ဆရာဝန်သုံးဦး၊ သာကေတ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ ဆရာဝန်နှစ်ဦးနှင့် ကျောက်တန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)နှင့် အခြေခံပညာမူလတန်းကျောင်း(စံချိန်မှီ)တို့တွင် နည်းစနစ်မှန် သွားတိုက်ခြင်း အမူအကျင့်စွဲမြဲပြီး သွားနှင့်ခံတွင်းရောဂါများ ကာကွယ်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် After Lunch tooth-brushing activity ကို ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် မူလတန်းကျောင်းသားကျောင်းသူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ KG ကျောင်းသား ကျောင်းသူများအား အုပ်စုဖွဲ့၍ စနစ်မှန် သွားတိုက်နည်း လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း

# မူဆယ်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



မူဆယ် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးကိန်မိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်၊ မူဆယ်ခရိုင် တာဝန်ခံ ပညာရေးမှူး ဦးမောင်ကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးစိုင်းလောဝ်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲများကျင်းပနေသည့် ခန်းမအသီးသီးသို့ လှည့်လည်ကြည့်ရှုကာ ဆေးရောင်ခြယ်နှင့် စက္ကူခေါက်ပြိုင်ပွဲများတွင် ပါဝင်ကြသော ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များချီးမြှင့်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်/စာစောင်ပြပွဲ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

# ဘားအံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များသမဝါယမအသင်း ကွင်းဆင်းကြည့်ရှု



ဘားအံ စက်တင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စုရှိ ဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းအား ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းက တစ်ရက်ပျမ်းမျှစပါးတန်ချိန် ၂၀ ကျပြီး စပါးတင်းပေါင်း ၄၀၀ ခန့် ကြိတ်ခွဲထုတ်လုပ်ပေးလျက်ရှိကာ အသင်းအနေဖြင့် စပါးကြိတ်ခွဲပေးခြင်း၊ စပါးပေါ်ချိန်တွင် စပါးစိုက်တောင်သူများ ဈေးနှိမ်မခံရစေရေး ပေါက်ဈေးဖြင့်ဝယ်ယူ၍ ကြိတ်ခွဲရောင်းချခြင်း၊ ကြိတ်ခွဲရာမှ ထွက်ရှိလာသောစပါးခွံများနှင့် ဖွဲနုများကို တိရစ္ဆာန်အစာအဖြစ်ပြန်လည် ဖြန့်ဖြူးရောင်းချခြင်း၊ ထွက်ရှိလာသောဆန်များကို သမဝါယမအသင်းသားများ၊ ဒေသတွင်းပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချခြင်း၊ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ရောင်းချဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၆၁)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးမင်းစိုး၊ ညောင်ဦးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်း၊ မီးရထား ရဲတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီး အောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းခိုင်တို့က ကြည့်ရှုအားပေးကြစဉ်။

ဒီပါလင်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ခင်မင်ယုံကြည်မှု ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်ခဲ့သော COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟ စေတီတော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းခြင်း၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) သို့ သွားရောက်လေ့လာခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်) သို့ သွားရောက်ကြည့်ရှုလေ့လာ၍ ပန်းခွေချ အလေးပြုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင်လည်း အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သည့် ဗိုလ်မှူးကြီးဇာနည်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် ၁၂၀ ပါဝင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်နှင့် ပေ ၈၀ မဟာဗုဒ္ဓ(ဂျပန်) ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လှည့်လည်ဖူးမြော်ခြင်း၊ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်ခဲ့သော ဥရုဝေလတောနေရာသို့ သွားရောက်ဖူးမြော်ခြင်း၊ သူဇာတာအိမ်တော်ရာ စေတီအား လည်ပတ်ကြည့်ရှုခြင်းနှင့် မြန်မာဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်ကြီးထံမှ သီလခံယူကြပြီး ဉာဏ်တော်အမြင့် ၁၂ လက်မရှိသော စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် မာရဝိဇယ ပုံတူရုပ်ပွားတော်တစ်ဆူ၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဂျာရပ်ချိမန်ဂျီတောင် အထိမ်းအမှတ်နေရာ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာနှင့် ဝေဠုဝန်ဥယျာဉ်တို့အား သွားရောက်လှည့်လည်လေ့လာကြည့်ရှုခြင်းနှင့် Myanmar Buddhist Academic Center သို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံတွင် လေ့လာလည်ပတ်၍ အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မိတ္ထီလာခရိုင်၌ စိုက်ပျိုးရေးသွင်းအားစုများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းနှင့်အညီ ရောင်းချရေး နည်းပညာပေးဆွေးနွေး



**မိတ္ထီလာ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် စိုက်ပျိုးရေးသွင်းအားစုများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းနှင့်အညီ ရောင်းချရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နည်းပညာပေးဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဇော်မင်းက ခရိုင်အတွင်း စိုက်ပျိုးရေးဆေးဆိုင်များ၊ ဓာတ်မြေဩဇာ၊ မျိုးစေ့အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ဓာတ်မြေဩဇာဈေးနှုန်းများ သတ်မှတ်ထားရှိမှု အခြေအနေများကို ရည်ညွှန်းဈေး၊ တင်/ချခ၊ သယ်ယူခ၊ အမြတ်စသည်များ၊ မန္တလေးတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထက်က ပိုးသတ်ဆေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများ၊ တိုင်းမြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းချိုက မြေဩဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများနှင့် တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆောင်ရွက်သည့် လမ်းစဉ်များအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



နေပြည်တော် စက်တင်ဘာ ၁၉

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက (အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (အမျိုးသား)အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(အမျိုးသမီး) အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ယှဉ်ပြိုင်ကစား**

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲအား ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် စက်တင်ဘာ ၃ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၀) သင်တန်းဆင်း




ရန်ကုန် စက်တင်ဘာ ၁၉

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၁၀)၏ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့်သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးစိုးတင့်က နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ အရည်အသွေးပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက် စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ လေ့ကျင့်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့၏ တပည့်များကို နှလုံးရည်၊ ပညာရည်ပြည့်ဝကာ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး လိမ္မာယဉ်ကျေးသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးနှင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရေးတို့ကို သွန်သင်ဆုံးမကြစေလိုကြောင်း၊ ပညာရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို "အမျိုးသားရေး တာဝန်တစ်ရပ်" အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများကို လည်း ဂုဏ်ယူအသိအမှတ်ပြုကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်သည် တက္ကသိုလ်အတွင်း ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၏ သင်ကြားပို့ချ လေ့ကျင့်နေမှုများနှင့် စိုက်ပျိုးထားသော ရာသီသီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်၏ စီမံရေး၊ သင်ကြားရေး ဆိုင်ရာများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၁၀) သို့ သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၃၆၂ ဦး စုစုပေါင်း ၃၉၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မူဆယ် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ မူဆယ်ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၆ နှစ်အောက် ကျောင်းပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက မူဆယ်မြို့ ပြည်ထောင်စု အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် အထက(၂)အသင်းနှင့် ကြယ်စင်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၂)အသင်းက ကြယ်စင်စုအသင်းကို (နှစ်ဂိုး-ဂိုးမရှိ)ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တစ်ဦးချင်း ထူးချွန်ဆု၊ ပူးတွဲတတိယဆုနှင့် ဒုတိယဆုရရှိသည့် အသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို သက်ဆိုင်ရာတာဝန်ရှိသူများကချီးမြှင့်ပေးအပ်ခဲ့ပြီး ပထမဆုဖလားရရှိသည့် အထက(၂) အသင်းအား မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို မူဆယ်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ဘောလုံးအသင်း ၁၉ သင်းတို့က အုပ်စုလေးစု ခွဲကာ ပါဝင်ယှဉ်ပြိုင်ပြီး ဗိုလ်လုပွဲစဉ်ကို ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ



ပြင်ဦးလွင် စက်တင်ဘာ ၁၉

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းအေးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသား ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား ကျောင်းသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး၌ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေး ညှိနှိုင်းစည်းဝေး



ပဲခူး စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စီမံခန့်ခွဲမှုကော်မတီဝင်များသည် ပဲခူးတိုင်းဒေသကြီးအတွင်း ဆီလက်ကား၊ ဆီလက်လီရောင်းချသူများ၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဆီလုပ်ငန်းကို စိတ်ဝင်စားသူများအားတွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေးညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ တိုင်းဒေသကြီးဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတွင် ပါဝင်ဆောင်ရွက်လိုသူများသည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီအရောက် ပဲခူးမြို့ သီရိဟံသာခန်းမ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဖွဲ့စည်းရေးရုံးအဖွဲ့သို့ စာရင်းပေးသတင်းပေးပို့ကြရန်နှင့် ရွေးချယ်ပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၂၉/အေ၊ မြေကွက်အမှတ်- ၂၁/၂၊ ဧရိယာ (၀.၂၉၉)ဧကရှိ G က ၃(က)ရပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်- ၁၉ ဟုခေါ်တွင်သည့် ဂိုဒေါင်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဒေါ်သန်းသန်းဦး [၈/ရနခ(နိုင်)၀၀၇၉၄၄]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

---

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်း ရပ်ကွက်၊ (၁၄၉)လမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏ ၃-လွှာ၊ အကျယ်အဝန်း(၁၁၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို မဂ္ဂင်ဆောက်လုပ်ရေး၏ ကန်ထရိုက်တာဖြစ်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်နေထိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုကမ်းလှမ်းသူများဖြစ်ကြသော ဦးကြည်လင်း[၁၂/မဂတ(နိုင်)၀၇၈၂၉၈]နှင့် ဒေါ်ဝင်းဝင်းခင်[၁၂/မဂတ (နိုင်)၀၄၂၂၇၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတန်ဘီ(ခ)လှမြင့်[၁၀/မလမ(နိုင်)၁၂၀၄၂၂]နှင့် ဒေါ်သန်းသန်းစိုး [၁၀/မလမ (နိုင်) ၁၂၀၁၉၅]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၁)**
**အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၄၀၂၅၉၄၃၄၇၊ ၀၉-၇၉၅၁၅၂၈၇၀**

---

## အများသိစေရန်ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ဈေးသစ်ရပ်နေ ကိုအောင်ကျော်ကျော်သက်(ခ)ကိုဝဏ္ဏ [၁၂/လကန(နိုင်)၂၁၀၉၁၄] ကိုင်ဆောင်သူနှင့် ကိုနန္ဒဝင်း(ခ)ကိုတိုနီ [၁၂/လကန(နိုင်)၂၁၀၉၁၃] ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ဈေးသစ်ရပ် ကွင်းအမှတ်(၁၅-ခ)၊ ဦးပိုင် (၃၁)၊ ဧရိယာ(၀.၁၁၀) အမှတ်(၁၅/၁၁)အတွင်းရှိ RC နှစ်ထပ်ခွဲတိုက် (၁)လုံး ဒေါ်မြသက်အမည်ပေါက် အိမ်နှင့် နှစ်(၃၀)ဂရန်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊

၂။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ သာယာကျွန်းကျေးရွာရှိ ကွင်းအမှတ်(၁၆)၊ ဦးပိုင်အမှတ်(၈၇/၂) ဒေါ်မြသက်အမည်ပေါက် ရရှိထားသောလယ်မြေ(၁.၃၅)ဧကနှင့် ဦးပိုင်အမှတ် (၁၀၅) ဒေါ်မြသက်အမည်ပေါက် ယာမြေ (၀.၈၉) ဧကဖြစ်ပြီး ယင်းမြေအတွင်း RC နှစ်ထပ် ဆောက်လက်စတိုက်(၁)လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ စိတ္တရကျေးရွာရှိ ကွင်းအမှတ်(၁၇)၊ ဦးပိုင်အမှတ်(၆၁/၁) ဘုန်းတော်ကြီးကျောင်းနှင့် မျက်နှာချင်းဆိုင် ထိပ်ဆုံးအား မိခင် ဒေါ်သန်းနေထိုင်ရန်အတွက် ဆောက်လုပ်ပေးထားသော တိုက်(၁)လုံး၏ အကျိုးခံစားခွင့်အားလုံး။

၄။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ စိတ္တရကျေးရွာရှိ ကွင်းအမှတ်(၁၇)၊ ဦးပိုင်အမှတ်(၆၁/၁) အခြားနည်းရရှိထားသည့် ဒုတ္တဝတီမြစ်ဘေးရှိ (၁.၁၄)ဧကအား ကိုဝဏ္ဏနှင့် ကိုတိုနီတို့ နှစ်ဦးပိုင်ဆိုင်ထားသော အကျိုးခံစားခွင့်အားလုံး။

၅။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ စိတ္တရကျေးရွာရှိ ကွင်းအမှတ်(၁၇)၊ အကျယ်အဝန်း (၁.၈၇)ဧကခန့်ရှိသော သုံးယောက်စိုက်(၁)ကွက်၊ ဆယ်ယောက်စိုက် (၁)ကွက်နှင့် ကပ်လျက်ရှိသော သုံးယောက်စိုက်ပျိုးခင်း (၂)ကွက်တို့အား ဒေါ်မြသက်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်မြသက်၏ သားအရင်းများဖြစ်သည့် ကိုအောင်ကျော်ကျော်သက်နှင့် ကိုနန္ဒဝင်းတို့ နှစ်ဦးသာ အမွေဆက်ခံပိုင်ခွင့်ရှိသောသူများသာဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းပေးကမ်းခြင်း၊ အကျိုးခံစားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အမည်ပြောင်းလဲခြင်းများ တစ်စုံတစ်ရာပြုလုပ်ပိုင်ခွင့်မရှိကြောင်း အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အသိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော**
**ကိုအောင်ကျော်ကျော်သက်နှင့် ကိုနန္ဒဝင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလင်း (LL.B, LL.M, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၁၆၀)**
**ဈေးကွက်သစ်ရပ်၊ ပလိပ်ကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်။**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ကံ့ကော်မြိုင် (၂)လမ်း၊ မြေကွက်အမှတ်(၈၉) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ဥမ္မာဘို [၉/မနမ(နိုင်) ၁၀၅၄၃၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်လင်းလက်ထွန်းအောင် [၁၂/ဒဂမ(နိုင်) ၀၅၅၃၂၆]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-09-454153474**

---

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၈)လမ်း၊ အမှတ် (၃၃၀)ရှိ (၂)ခန်းတွဲ (၆)ထပ်၊ ရင်ခွဲတိုက်၊ မြေညီထပ်၊ ခေါင်းရင်းခန်း အကျယ်အဝန်း (၁၄ ပေ ၁၁ လက်မ x ၅၃ ပေ ၆ လက်မ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြလိပ်စာအတိုင်းအတာပါ တိုက်ခန်းအား **မြေရှင်ဒေါ်ခင်လှ (တိုက်ခန်းရောင်းချသူ) (ငွေလက်ခံသူ)**မှ တရားဝင်လက်ဝယ်ထားလက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် လက်ခံသဘောတူညီ၍ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စာချုပ်ပါ အသိသက်သေလူကြီးများရှေ့မှောက်တွင် ပထမအရစ် ကျသင့်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါရှိသည့်နေ့/ရက်မှ စတင်၍ (၇)ရက်ပြည့်မြောက်သည့်နေ့/ရက် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးချစ်ကိုကို** | **ဦးတင်ထွန်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၂၈၀၃/၁၉၈၄)** | **(စဉ်- ၅၆၁၂၈/၂၀၂၃)** |

**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၂၅၂၉၂၄၊ ၀၉-၇၅၈၂၃၀၂၀၊ ၀၉-၇၉၆၇၃၁၅၂၈**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ တိုက်အမှတ်(၂၆၇)၊ ဒုတိယထပ် (၅+၆)လွှာတိုက်ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား "တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" အဆင့်ဆင့်ဆက်စပ်စာချုပ်များအရ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမြင့် [၁၂/လသန(နိုင်)၀၀၆၄၆၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးညွှန့်ဝင်း [၉/ရမသ(နိုင်)၁၃၁၉၂၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့ထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွှန့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင့်ဆွေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၇၆)**
**LL.B.,M.A (Business Law)., D.B.L., D.M.L, D.I.L.,D.A.Psy**
**အမှတ်(၁၄)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၇၉၅၅၄**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၁

| | | |
|---|---|---|
| **၁။ ဒေါ်ပပမြင့်** | **နှင့်** | **ဒေါ်လှပျော်** |
| **၂။ ဒေါ်စန္ဒာအေး** | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အမှတ်- ၄၅၈ နေ ဒေါ်လှပျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## မိဘအမည်မှန်

ပန်းတောင်းမြို့နယ်၊ အ.ထ.က၊ ဥသျှစ်ပင်၊ G-10 မှ ကျောင်းဝင်အမှတ်(G ၁၆၃၄) မအိမ့်မှူးပိုင်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးလင်းဇော်[၇/ပတန(နိုင်)၁၁၂၉၅၇]နှင့် မိခင် အမည်မှန်မှာ ဒေါ်နှင်းအိအိစံ [၇/ပတန(နိုင်) ၁၁၉၉၀၂] ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ဒဂုံမြို့နယ်နေ ဦးအောင်ထွန်းမင်း၏ သမီးဖြစ်သူ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ Grade-6 တွင် ပညာသင်ကြားနေသော ကျောင်းသူ မဆုဝတီအောင်အား မဆုလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အ.ထ.က (ကျောက်တံတား) Grade(12)မှ မခင်ဦးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုဇော် [၁၂/လကန (နိုင်) ၂၀၅၅၉၉] ဖြစ်ပါကြောင်း။

---

## ဖခင်အမည် တစ်ဦးတည်း ဖြစ်ပါကြောင်း

ညောင်းတုန်းမြို့နယ်၊ အခြေခံပညာ(မူလွန်) (အလယ်ဆယ်) ကျောင်းမှ ဒုလယ်ပြ ဆရာ ဦးမြဆွေ [၁၄/ညတန(နိုင်)၁၂၇၈၅၉]၏ ဖခင်အမည်မှာ ဦးသာမိုး(ခ) ဦးတင်အောင်သန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမြဆွေ**

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇင်ယော်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်လဂျောန်ဇော်ဒန်ခေါင်၏ ဖခင်အမည်မှန်မှာ ဦးဆိုင်းလောဒ် [၁/မကန (နိုင်) ၁၅၇၀၅၃]ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၂၊ မြေကွက်အမှတ်- ၂၇၆၊ မြေကွက်တည်နေရာအမှတ်- ၂၇၆၊ မဟာဆွေလမ်းနှင့် သိပ္ပံမောင်ဝလမ်းထောင့်၊ ၄၂ ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်လှလှတင် CD-၀၄၆၁၄၉) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်လှလှတင်အား တရားပြိုင်ထားကာ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ထွေးထွေးရီတို့မှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်- ၁၂၄/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၉-၁-၂၀၂၅ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်- ၂၃/၂၀၂၅ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်) ၀၀၃၄၁၉]မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၅၊ နှင်းဆီ(၅)လမ်း၊ မြေကွက်အမှတ်- ၆၁၉ ၃/၂၊ ဦးစောမောင် [၁၂/ဥကမ(နိုင်)၁၄၁၄၄၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့်တကွ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်နွဲ့နွဲ့ရီ [၁၂/ဥကမ(နိုင်)၁၀၇၆၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထွန်း [၅/ဆလက(နိုင်)၀၆၅၈၃၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းထွန်း၏ လွှဲအပ်ချက်အရ –**
**ဒေါ်ဝေဝေမြခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၄၂၃)**
**အမှတ်(၂၂၁)၊ ဒေါနလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၄၀၁၂၆**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၄၇)၊ မနော်ဟရီရိပ်သာ၊ တိုက်(G)၊ အခန်းအမှတ် (၂၀၄ နှင့် ၂၀၅)ဟု ခေါ်တွင်သည့် တိုက်ခန်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး ဝန်ခံကတိပြုသူဖြစ်သည့် ဦးတင်အုန်း(ဘ)ဦးစိန် [၁၂/ဒဂန(နိုင်)၀၀၈၂၄၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းဆွေ (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၂၁/၂၄-၁-၈၁)**
**အမှတ်- ၈၃/ဒုတိယထပ်၊ အခန်းအမှတ်(၁၄/A)၊ ပန်းဆိုးတန်းလမ်း၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၆၃၇၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကံဘဲ့စံပြကျေးရွာအလယ်ပိုင်း၊ ကောက်ကွက်(၇)၊ ရွှေတွံတေးလမ်းမကြီး အကျယ်အဝန်း ( မျက်နှာဝ ၃၀ ပေ× အနံ အရှည် ၁၄၇ ပေ)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့အား ၁။ ဦးမောင်မြ (၁၂/မဂဒ(နိုင်)၀၄၅၆၇၀)၊ ၂။ ဦးခင်မောင်ဝင်း (၁၂/တတန(နိုင်)၁၁၅၀၀၃)၊ ၃။ ဒေါ်ခင်နွဲ့ (၁၂/တတန(နိုင်)၀၄၃၆၅၄)၊ ၄။ ဒေါ်ရီငွေး (၁၂/တတန(နိုင်)၀၇၆၃၈၃)တို့မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းမရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေသွားပြီး ပိုင်ရေးဆိုင်ခွင့် ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးမူ(စဉ်-၈၂၂၃) (၁၀-၅-၂၀၁၂) LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ**
**တိုက်-၉/၁၁၊မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၁၃၉၉၁**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃၊ မြေကွက်အမှတ်- ၁၁၀/ခ၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာ- အမှတ် (၁၁၀/ခ)၊ ကျောက်စိမ်းလမ်း၊ (၅/၇)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ဦးအောင်ချစ်(CJ-၀၃၀၃၄၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးအောင်ချစ်(CJ-၀၃၀၃၄၀) ခင်ပွန်းဖြစ်သူသည် (၄-၆-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ညိုညိုသန်း [၁၂/ရပသ(နိုင်) ၀၀၁၄၇၈]မှ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်ဇနီးဖြစ်သူ ဒေါ်ညိုညိုသန်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၄၅၀/၂၀၂၅ (၁၁-၇-၂၀၂၅) အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇၇)၊ မြေကွက်အမှတ်(၇၉၄)၊ ဧရိယာ-(၄၀'x၆၀')အကျယ်ရှိမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဦးဟုန်ကွယ်ချင် [၁၃/လရန(နိုင်)၁၁၈၇၂၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၃၀၆၆၄၁၈**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သွားဘက်ဆိုင်ရာအကူသူနာပြု (ပြင်ပ)
## (၉)လသင်တန်းအတွက်
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်တွင် ဖွင့်လှစ်မည့် သွားဘက်ဆိုင်ရာအကူ သူနာပြု (ပြင်ပ)(၉)လသင်တန်းကို တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် (၂၈–၁၁–၂၀၂၅)ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို/လူပျို) ဖြစ်ရမည်၊

(င) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်မည့် သွားဘက်ဆိုင်ရာအကူသူနာပြု (ပြင်ပ)(၉)လသင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်ရမည်။ သင်တန်းပြီးဆုံးအောင် မတက်ရောက်နိုင်ခြင်း/ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၂)နှစ်တာဝန်မထမ်းဆောင်နိုင်ပါက သတ်မှတ်လျော်ကြေးငွေ (၅၀၀၀၀၀ိ/–) ကျပ်ငါးသိန်းတိတိ ပေးလျော်ရမည်၊

(စ) သင်တန်းဖွင့်လှစ်မည့် နေပြည်တော်ရှိ ဆေးရုံကြီးများတွင် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဇ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဈ) သွားဘက်ဆိုင်ရာအကူသူနာပြု(ပြင်ပ) (၉)လသင်တန်း အောင်မြင်သူများအား ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြု သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်မည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်–

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် ရမှတ်စာရင်း **(မိတ္တူ) တစ်စောင်စီ**၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)**၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှထောက်ခံချက်**(မူရင်း)**၊

(ဃ) အပျို၊လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်**(မူရင်း)**၊

(င) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ**(မူရင်း)**၊

(စ) (၃)လအတွင်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ(၃)ပုံ

(ဆ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊

၄။ သင်တန်းစရိတ်နှင့် နေထိုင်စားသောက်ရေးကို သင်တန်းသားများကိုယ်တိုင် စီစဉ်ကျခံရမည်။ လျှောက်လွှာကို သွားကျန်းမာရေးပညာဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ လိပ်မူ၍ ( ၂၈–၁၁–၂၀၂၅) ရက်နေ့၊ (၁၆:၃၀) နာရီထက်နောက်မကျဘဲ လျှောက်ထားရမည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်အလက်များကို ကုသရေးဦးစီးဌာန၊ သွားကျန်းမာရေးပညာဌာနခွဲ၊ (ဖုန်းနံပါတ်–၀၆၇–၃၄၁၁၁၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

ကာလာ ဓာတ်ပုံ

### သွားဘက်ဆိုင်ရာအကူသူနာပြု(ပြင်ပ) (၉)လသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံ

လျှောက်လွှာအမှတ် ------------

၁။ အမည် ------------------------
၂။ မွေးသက္ကရာဇ်၊ အသက် ------------------------
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------
၄။ ပညာအရည်အချင်း ------------------------
၅။ အဖအမည် ------------------------
၆။ အဖ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ------------------------
၇။ အမိအမည် ------------------------
၈။ အမိ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ------------------------
၉။ နေရပ်လိပ်စာအပြည့်အစုံ ------------------------
၁၀။ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ် ------------------------

| ၁၁။ | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည့် – | |
|---|---|---|
| | ခုနှစ် | |
| | ခုံအမှတ် | |
| | စာစစ်ဌာန(မြို့နယ်ဖော်ပြရန်) | |
| | ရမှတ်ပေါင်း | |

၁၂။ ဤလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြအပ်ပါသည်–

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့်တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် ရမှတ်စာရင်း **(မိတ္တူ) တစ်စောင်စီ**၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား**(မိတ္တူ)**၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်**(မူရင်း)**၊

(ဃ) အပျို၊လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်**(မူရင်း)**၊

(င) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေး ဦးစီးဌာန၏ ဆေးထောက်ခံစာ **(မူရင်း)**၊

(စ) (၃)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ၊

(ဆ) အကယ်၍ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက သင်တန်းကာလအတွင်း သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး၊ သင်တန်းပြီးဆုံးအောင် တက်ပါမည်ဟု ဝန်ခံကတိပြုလွှာ။

လျှောက်ထားသူလက်မှတ်၊----------------------
လျှောက်ထားသူအမည်၊----------------------
နေရပ်လိပ်စာအပြည့်အစုံ၊----------------------
----------------------
ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်၊----------------

---

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
### စမ်းချောင်းမြို့နယ်တရားရုံးတော်
### ၂၀၀၄–ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁၅ နှင့် ဆက်နွှယ်သည့်
### ၂၀၂၅–ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၁

**ဦးကျော်စိုး** (ကွယ်လွန်သူ ဒေါ်ခင်တီ၏ တရားဝင်ကိုယ်စားလှယ်)

နှင့်

**၁။ ဦးတင်မောင်စိုး**
**၂။ ဒေါ်နွေလှိုင်ဦး** (ကွယ်လွန်သူ ဦးတင်မောင်တိုး၏ တရားဝင်ကိုယ်စားလှယ်)
**၃။ ဒေါ်ဖြူဖြူသွယ်** (ကွယ်လွန်သူ ဦးမောင်မောင်၏ တရားဝင်ကိုယ်စားလှယ်)
**၄။ ဒေါ်ဝေဝေခင်**
**၅။ ဒေါ်မီမီသန့်** (ကွယ်လွန်သူ ဒေါ်ခင်လှဝင်း၏ တရားဝင်ကိုယ်စားလှယ်)
**၆။ ဦးတင်ဝင်း**
**၇။ ဒေါ်စုမြတ်ချို** (ကွယ်လွန်သူ ဒေါ်လှမြင့်(ခ) ဒေါ်လှလှမြင့်၏ တရားဝင်ကိုယ်စားလှယ်)
**၈။ ဦးထွန်းအေး**
**၉။ ဒေါ်ခင်ခင်**
**၁၀။ ဒေါ်တင်အေးဝင်း** (ကွယ်လွန်သူဦးသန်းစိန်၏ တရားဝင်ကိုယ်စားလှယ်)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အမှတ် (၂၁၅)၊ အခန်း(၉)နေ (၅)တရားရှုံး ဒေါ်မီမီသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ် (၁၄)၊ ၈–လွှာနေ (၈)တရားရှုံး ဦးထွန်းအေး [ ယခုနေရပ်လိပ်စာမသိသူများ] သိစေရမည်။

၂၀၀၄–ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၅ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅–ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဖူးဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်–၇၄+၈၇ အတွင်းမှ (၈၇)ခဲစင်း၊ ၁၀၃ လမ်း၊ ၅၄x၅၅ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်အေးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၇၂၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူဒေါ်လှမေ [၉/ပသက(နိုင်)၀၄၉၇၄၁]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၅၄၈/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဒ/၆၃)၊ လူနေရပ်ကွက်အမှတ်(၁၇)၊ မော်ဘီလမ်းမကြီး၊ အမှတ်(၁၆၉၆/ခ) ဦးခင်အေး [၁၂/လမန(နိုင်)၀၂၁၆၀၀] အမည်ပေါက် မှတ်သားတည်ရှိသည့် အကျယ်အဝန်း (၂၀) ပေ x (၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှလှထွေး [၁၂/ဒဂရ(နိုင်)၀၁၉၀၃၁] မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး မိမိတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်း အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးခင်မောင်မြင့်**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၈၃)**
**(၂၈–၆–၁၉၉၁)**
**၀၉–၄၃၀၃၂၂၈၁**

**ဦးကျော်ဝင်းလှိုင် (L.L.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၇၄၇၇)(၂၁–၁၂–၂၀၂၁)**
**၀၉–၄၂၁၀၈၆၁၆၀**

**အမှတ်(၉)၊ ဂန္ဓမာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

---

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ရင်ရင်စိုး [၆/လလန(နိုင်)၁၄၄၅၃၅] နှင့်ခင်ပွန်း ဦးဖြိုးဝေကျော် [၁၂/အစန(နိုင်)၂၁၈၀၈၉] တို့သည် (၃–၂–၂၀၁၇) ရက်နေ့မှစတင်၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာမှ နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းနေထိုင်ကြရန် ဆန္ဒမရှိတော့သဖြင့် (၃၀–၅–၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ယင်းနေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မသက်ဆိုင်တော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ရင်ရင်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၇၃၂)**
**(၇၁)လမ်း၊ (၃၃x ၃၄)ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း–၀၉–၇၇၀၀၃၈၃၇၇**

---

## ကြော်ငြာစာ

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ–၁)၊ ဦးပိုင်အမှတ်(၉၃)၊ ၇၂x၇၃ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင့်ဆွေ [၉/မနတ (နိုင်) ၀၃၉၂၉၈]က အမှုတွဲအမှတ်(၂၅၂၅/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ–၂)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၂x၇၃ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင့်ဆွေ [၉/မနတ (နိုင်) ၀၃၉၂၉၈]က အမှုတွဲအမှတ်(၂၅၂၄/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ စက်စုကျေးရွာနေ ဦးမျိုးမင်းထွန်း [၁၂/ကမန(နိုင်)၀၆၉၅၇၅]–ဒေါ်ဝင်းပပ [၁၂/ကမန(နိုင်)၁၂၆၅၁၆] တို့၏ သမီးအကြီး မဟန်နီမင်းထွန်း [၁၂/ကမန(နိုင်)၁၃၅၈၈၈]သည် မိဘ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မဟန်နီမင်းထွန်းနှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ (၁၉–၉–၂၀၂၅)နေ့မှစ၍ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မဟန်နီမင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း – ဒေါ်ဝင်းပပ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ် (၁၄၁/က)၊ ဧရိယာ (၂၀'x၆၀') မြေကွက်တည်နေရာအမှတ် (၁၄၁/က)၊ ထူပါရုံ (၁၉)လမ်းအနောက်၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းအုန်း (CI–၀၅၉၈၅၄) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းအုန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းဟန် [၁၂/သကတ (နိုင်) ၁၀၅၇၈၁]မှ မိမိတစ်ဦး တည်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးသိန်းအုန်း(ခင်ပွန်း) ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၄ / ၂၀၂၅–၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–170(25–26)CAP | Installation Service of Cathodic Protection System for Ahpyauk–Shwepyithar 10” Natural Gas Pipeline | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉–၉–၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၀–၁၀–၂၀၂၅ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (**လူကိုယ်တိုင်**) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း–၀၉–၉၅၄၅၄၄၀၅၀၊ ၀၉–၂၆၀၀၁၉၄၄၈**

## “ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ FMI အိမ်ရာ၊ ရွှေနှင်းဆီ(၃)လမ်း၊ မြေကွက်အမှတ်(၁၀၁၀)၊ အိမ်အမှတ်(J–76)၊ ဧရိယာ(၀.၁၁၀)ဧက၊ မြေအကျယ် (၆၀ပေx၈၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်”

အထက်ပါအိမ်ခြံမြေ၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့ မြေယာဌာန၏ မြေစာရင်းတွင် တရားဝင်အမည်ပေါက်၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်တင်တင်အေး(ခ)အင်ရှတ်ဟွန်း[၁၂/ကတတ(နိုင်)၀၂၇၃၆၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အမည်ပါသူသည် ၎င်းတစ်ဦးတည်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူမဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng) အထက်တန်းရှေ့နေ (စဉ်–၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ 09–972734996, 09–881181988**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် –၂၃(ကမာရွတ်)၂၆၊၂၈(သမိုင်း)၊ မြေကွက်အမှတ်(၁၀၃/၄)၊ပါရမီလမ်းပေါ်ရှိParami Valley Residence စီမံကိန်း၏C3၊ အခန်း(ခန်းတွဲ၁၂ထပ်)အဆောက်အဦး၏အခန်းအမှတ်(C3-107)၊(၁)လွှာ၊အကျယ်အဝန်း (၁၂၅၉) စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့်Car Parkingတစ်နေရာစာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်ခင်မာရီ(၈/မကန(နိုင်)၁၁၅၂၉၆)ထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့် နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| နော်စိုးစံထူး (LL.B) | ဒေါ်လိမ္မာဦး (LL.B) | ဒေါ်ဆုလဲ့လဲ့နိုင် (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ (စဉ်–၅၀၀၉၃) | အထက်တန်းရှေ့နေ(စဉ်–၅၁၄၅၆) | အထက်တန်းရှေ့နေ(စဉ်–၅၅၂၅၄) |

**09-400860081**
အမှတ် (၁/အေ၂)၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၉၅၄)၊ မြေကွက်တည်နေရာအမှတ် (၉၅၄)၊ ဖေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမင်းလွင်(DF–၀၀၀၃၅၂) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားမကြီးမှုအမှတ်– ၄၉/၂၀၂၅ ဖြင့် ဒေါ်သန်းသန်းမြင့် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ချိုချိုစန္ဒီ)မှ တရားလိုပြု၍ ဦးမင်းလွင်အပေါ် တရားပြိုင်ထားကာ “ပဋိညာဉ်အတိုင်း မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု”ဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန် တရားလို တောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၂–၄–၂၀၂၅)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်– ၇၉/၂၀၂၅ ၏ (၂၆–၅–၂၀၂၅) ရက်စွဲပါ အမိန့်နှင့်နေ့စဉ်မှတ်တမ်း၊ တရားရုံး ကိုယ်စား မြေပုံ မြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၆–၅–၂၀၂၅)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ တမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၅၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးတင့်လွင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးတင့်လွင် [၁၂/အစန(နိုင်) ၀၂၈၇၆၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဝင်းကို၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ကဏ္ဍာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ်(၄၃၃/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်ကြည်ကြည်စိန် [၁၂/ကတတ(နိုင်) ၀၁၉၄၆၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးကျော်သူရ [၁၂/ဒဂတ(နိုင်)၁၃၄၄၅၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဇင်မာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဒီ)၊ မြေကွက်အမှတ် -၈၂စီ/၁.စီ(၁-က)၊ ဧရိယာ(၀.၁၀၉)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၀/က)၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အမည်ပေါက် ဒေါ်မြသိန်း [၁၂/ဗတထ(နိုင်)၀၂၁၇၂၆]ဟု မှတ်သားထားသည့် မြေပိုင်မြေအမျိုးအစား မြေကွက်အား အမည်ပေါက်ဖြစ်သူ (မိခင်) ဒေါ်မြသိန်းသည် (၂၅-၁၁-၂၀၁၉) ရက်နေ့တွင် လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးသန်းအောင်သည် (၂၃-၄-၁၉၇၄) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး သားသမီး (၄)ဦးရှိသည့် အနက် သားတစ်ဦးဖြစ်သူ ဦးမြသွေးသည် လူပျိုကြီးဘ၀ဖြင့် (၂၄-၇-၂၀၁၃)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသဖြင့် ကျန်သား/သမီးများ ဖြစ်ကြသော ဦးမြင့်ဆန်း [၁၂/ဗတထ(နိုင်)၀၁၉၀၃၂]၊ ဦးကိုကိုလေး [၁၂/ဗတထ(နိုင်)၀၁၈၃၁၂]၊ ဒေါ်နီနီအေး [၁၂/ဗတထ(နိုင်)၀၁၉၂၂၆]တို့မှ မိခင်၊ ဖခင်နှင့် ဦးမြသွေးတို့ ကွယ်လွန်ပြီးဖြစ်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ မိခင်ဒေါ်မြသိန်း အမည်ပေါက်ပိုင်ဆိုင်သော ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး တခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၁၆၉၀/၁၄-၈-၂၀၂၅၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်သည့် အရောင်းစာချုပ်အမှတ်- ၂၁၃၆/၂၀၀၀ (၇-၉-၂၀၀၀)၊ အမှားပြင်စာချုပ်အမှတ် - ၂၃၄၂/၂၀၀၀(၁၅-၉-၂၀၀၀)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၂၀၅) တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈အီး)၊ မြေကွက်အမှတ်(၁၁၄/၁၂)၊ ဧရိယာ(၀.၄၈၅)ဧက၊ မြေအမျိုးအစား-ဂရန်ရှိ မြေပိုင်မြေ၊ မြေအမည်ပေါက် ဒေါ်သန်းကြည်[၁၂/စခန(နိုင်)၀၂၅၂၇၆] မြေကွက်အား အမည်ပေါက် (မိခင်) ဒေါ်သန်းကြည်သည်(၂-၈-၂၀၂၄)ရက်နေ့ ကွယ်လွန်ကြောင်း၊ (ဖခင်) ဦးကျင်ဆွေသည်(၇-၁-၂၀၁၃)ရက်နေ့ ကွယ်လွန်ကြောင်း၊ ၎င်းတို့တွင် ဦးကျော်မိုး၊ ဦးသန်းဝင်း၊ ဒေါ်အေးအေးသန်း၊ ဦးကြည်ဝင်း၊ ဒေါ်ဆွေဆွေဝင်း၊ ဦးမျိုးဇော်ဟူသည့် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ သားသမီး(၆)ဦးထွန်းကားခဲ့ကြောင်း၊ သားသမီး(၆)ဦးသာရှိပြီး၊ အခြား မွေးချင်းတစ်ဦးမှမရှိသည့်အပြင် ကိတ္တိမသားသမီးတစ်ဦးတစ်ယောက်မျှလည်း မွေးစားထားခြင်းမရှိကြောင်း၊ သားတစ်ဦးဖြစ်သူ ဦးကျော်မိုးသည် မိခင်ဒေါ်သန်းကြည် ထက်စော၍ (၄-၃-၂၀၀၇)ရက်နေ့ကတည်းက ကွယ်လွန်သွားခဲ့ကြောင်း ဦးကျော်မိုးတွင် ဇနီးဒေါ်စန်းစန်းဝင်း တစ်ဦးတည်းသာရှိပြီး အခြားဇနီးမယားမရှိကြောင်း၊ ၎င်းတို့မှ ဒေါ်ဝတ်ရည်ကျော်မိုး၊ ဦးကောင်းထက်ကျော်မိုး၊ ဦးသူရိန်ကျော်မိုး၊ ဦးအာကာကျော်မိုးတို့(၄)ဦးကိုသာ မွေးဖွားခဲ့ပြီး အခြားကိတ္တိမသားသမီးမရှိကြောင်း ဦးကျော်မိုး၏အစုအတွက် ဒေါ်ဝတ်ရည်ကျော်မိုး၊ ဦးကောင်းထက်ကျော်မိုး၊ ဦးသူရိန်ကျော်မိုးနှင့် ဦးအာကာကျော်မိုး တို့(၄)ဦးမှလည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးသန်းဝင်းသည် မိခင်ဒေါ်သန်းကြည် ထက်စော၍ (၁၁-၉-၂၀၂၂)ရက်နေ့ကတည်းက ကွယ်လွန်သွားခဲ့ပြီး ဦးသန်းဝင်းတွင် ဇနီးဒေါ်ကြည်ကြည် တစ်ဦးတည်းသာရှိပြီး အခြားဇနီးမယားမရှိကြောင်း၊ ၎င်းတို့မှ ဦးသက်လင်းထွန်းနှင့် ဦးသော်လင်းထွန်းတို့(၂)ဦးကိုသာမွေးဖွားခဲ့ပြီး အခြားကိတ္တိမ သားသမီးမရှိကြောင်း၊ ဦးသန်းဝင်း၏ အစုအတွက် ဦးသက်လင်းထွန်းနှင့် ဦးသော်လင်းထွန်းတို့(၂)ဦးမှလည်းကောင်း၊ အမည်ပေါက်၏ သားသမီးများဖြစ်ကြသော ဒေါ်အေးအေးသန်း၊ ဦးကြည်ဝင်း၊ ဒေါ်ဆွေဆွေဝင်းနှင့် ဦးမျိုးဇော်တို့မှ လည်းကောင်း၊ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာကြသည်မှာ မှန်ကန်ပါကြောင်း၊ ကွယ်လွန်သူ ဒေါ်သန်းကြည်တွင် တရားဝင်အမွေဆက်ခံသူများအဖြစ် ၎င်းတို့(၁၀)ဦးသာ လျှင်ကျန်ရှိခဲ့ပြီး၊ အခြားသားသမီးသော်လည်းကောင်း၊ မြေးသော်လည်းကောင်း အမွေဆက်ခံသူအဖြစ် ကျန်ရှိခြင်းမရှိပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံသူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဒေါ်အေးအေးသန်း [၁၂/စခန(နိုင်)၀၂၅၂၈၃]၊ ဦးကြည်ဝင်း [၁၂/စခန(နိုင်)၀၂၆၉၂၈]၊ ဒေါ်ဆွေဆွေဝင်း [၁၂/စခန(နိုင်)၀၂၅၄၅၀]၊ ဦးမျိုးဇော် [၁၂/စခန(နိုင်)၀၂၅၂၈၄]၊ ဒေါ်ဝတ်ရည်ကျော်မိုး [၁၂/စခန(နိုင်)၀၅၈၃၆၆]၊ ဦးကောင်းထက်ကျော်မိုး [၁၂/စခန(နိုင်)၀၆၅၆၄၄]၊ ဦးသူရိန်ကျော်မိုး [၁၂/စခန(နိုင်)၀၆၅၆၄၅]၊ ဦးအာကာကျော်မိုး [၁၂/စခန(နိုင်)၀၇၀၅၀၀]၊ ဦးသက်လင်းထွန်း[၁၂/စခန(နိုင်)၀၅၈၃၆၇]၊ ဦးသော်လင်းထွန်း [၁၂/စခန(နိုင်) ၀၅၈၅၀၁] တို့မှ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၃၀၉/၂၀၂၅ (၃-၉-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်သန်းကြည် မြေအမည်ပေါက်သည့် ပိုင်ဆိုင် စာချုပ်အမှတ်-၂၆၅၈/၂၀၁၄၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြေကွက်အမှတ်(၂၂၅၇/က)၊ မဏိစည်သူလမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ (၁) **ဦးဝင်းမြင့်** [၁၂/တမန(နိုင်)၀၂၂၆၆၉] နှင့် (၂)**ဦးလှထွန်း** (CG-၀၈၇၇၉၇)တို့ (၂)ဦးပူးတွဲ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်တင်ရီ** [၁၂/ဒဂတ(နိုင်)၁၃၄၂၃၂]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ကေသွယ်စိုး** [၈/ရစက (နိုင်)၁၅၈၈၅၈] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ် (၆၀၆)၊ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိထား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးရဲထွန်း [၁၂/လမန(နိုင်)၀၀၄၇၈၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်စွာ [၅/မရန(နိုင်) ၁၄၇၂၇၅] က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးရွှေသိန်းမြင့်** | **ဒေါ်နန်းဆင့်ဆင့်ထွန်း** |
| **အထက်တန်းရှေ့နေ (စဉ်-၁၈၄၉၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၃၉)** |

**အမှတ်-၁၀၇၊ ပထမထပ် (ယာ)၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဓမ္မာရုံလမ်း၊ မြေတိုင်းရပ်ကွက်နှင့်မြေကွက်အမှတ် (ရွှေလင်ပန်း၂၂/၆၀၉)၊ အကျယ်အဝန်း( ၄၀ x ၆၀ ) ပေရှိ ပါမစ်အမည်ပေါက် ဒေါ်ဖြူဖြူကြိုင် [၉/ပမန(နိုင်)၀၀၁၅၉၆] ထံမှ ဦးဇော်မင်း [၁၄/ဝခမ(နိုင်)၃၁၃၁၃၀] ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ပြီး အဆိုပါအကျယ်အဝန်း (၄၀ x ၆၀) ပေအနက်မှ မြောက်ဘက်ခြမ်း အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချရန်အဆိုပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ငွေကြေးတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချသည့်ပစ္စည်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော အထောက်အထားမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနိုင်ဆွေဦး ( LL.B, DIPL )**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၂၃၃၂ )**
**အမှတ် - ၀၀၁၊ တိုက် - ၂၃၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊**
**ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၉၆၆၆၅၆၆၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉၃

| | | |
|---|---|---|
| ဒေါ်နန်းဝိလိုင်း | နှင့် | ဒေါ်ဇင်မာလွင် |
| **တရားလို** | | **တရားပြိုင်** |

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ယန္တရားဝင်း၊ ဘောဂဗလလမ်း၊ အမှတ်-၆/၂(ဃ)နေ တရားပြိုင် ဒေါ်ဇင်မာလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"ကျန်ငွေလက်ခံပြီး အိမ်နှင့်မြေ လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ပေးအပ်ထားသည့် စရန်ငွေ (၂)ဆ သိန်း-၇၄၀၀၀၀၀၀/-နှင့် နစ်နာကြေးငွေသိန်း(၂၀)၊ စုစုပေါင်း ငွေကျပ်သိန်း-၇၆၀၀၀၀၀၀/- (ငွေကျပ်သိန်းခုနစ်ရာ ခြောက်ဆယ်) တိတိပေးအပ်စေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်။ (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ ၁၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**ဒုတိယခရိုင်တရားသူကြီး ( ၃ )**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | ပညာအရည်အချင်း ကန့်သတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |
| ( ခ ) | စာရင်းကိုင်-၄၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |

၂။ လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဝန်ထမ်းရေးရာဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ Website www.mmu.edu.mm သို့ ဝင်ရောက်ရယူ၍ သော်လည်းကောင်း လျှောက်လွှာရယူနိုင်ပါသည်။

၃။ လျှောက်လွှာများကို ၃၀-၉-၂၀၂၅ ရက် နောက်ဆုံးထားပြီး တင်သွင်းလျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာများကို သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်သို့ ၃၀-၉-၂၀၂၅ ရက် နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ရမည်။

၄။ အရည်အချင်းစစ်ဆေးရေးအတွက် ရေးဖြေစာမေးပွဲအား မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့အား ၁၀-၁၀-၂၀၂၅ ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို ၁၇-၁၀-၂၀၂၅ ရက်တွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ အချိန်မီ ရောက်ရှိခြင်းမရှိသော အချက်အလက်ပြည့်စုံ မှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်မြို့၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ ဖုန်း-၀၉ ၅၁၃၈၆၀၉ နှင့် ဝန်ထမ်းရေးရာဌာန၊ ဖုန်း- ၀၉-၂၆၀၃၃၆၉၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၁၁၇၉)၊ မြေအကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးတင်စိုး(၅/မရန (နိုင်)၁၃၃၁၃၈)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုအပိုင်ရောင်းချသူ **ဒေါ်တင်တင်ရီ(၁၁/ကဖန(နိုင်)၀၅၉၂၀၄)**သည် **"အဆင့်ဆင့်အဆက်စပ် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် ကတိစာချုပ်"**များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး လွှတ်လပ်စွာစီမံခန့်ခွဲ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးသော်ဇင်မောင်(၈/ပခက(နိုင်)၂၄၇၄၃၈)**ထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -**ဒေါ်မေဇင်ဦး** (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၈၂)
အမှတ်(၄၈၂)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း- ၀၉-၇၈၂၆၉၃၅၅၁၊ ၀၉-၄၂၉၁၅၄၉၆၅

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်(၂၆)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက်၏ **စတုတ္ထထပ်၊ (၅-လွှာ)(ခြေရင်းခန်း)၊** ဧရိယာ (၁၂ ၁/၂ x ၅၀) ပေကျယ်ဝန်းသော ကိုယ်ပိုင် (ရေ+မီး) ပါဝင်သည့် တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ **ဒေါ်ဥမ္မာလင်း [၁၂/လမန(နိုင်)၁၁၉၄၀၁]**အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွှန့်** |
| **BSc, DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၄၂၈၇၇၀၈၂၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးကိုကိုကြီး

**B.Com, B.L, MBA (New York)**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ငြိမ်း)**

**အသက်(၁၀၀)နှစ်**

မန္တလေးမြို့၊ ရုံတော်ကြီးနေ (ဦးဘဘေ-ဒေါ်သိန်းရင်)တို့၏ သားကြီး၊ (ဦးသက်ထွန်း-ဒေါ်သိန်းတင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၆၃၅/G2)၊ ရိုးမရိပ်သာလမ်းနှင့် (10 A)၊ မြကန်သာ (၂)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဒေါ်သန်းသန်း)၏ ခင်ပွန်း၊ ဒေါက်တာရီရီမြင့်၊ ဒေါက်တာဖြူဖြူမြင့်၊ ဦးမြင့်သန်း(ခေတ္တ-U.S.A) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဦးမောင်မောင်-ဒေါ်တင်တင်ဦး)၊ (ဦးခင်မောင်အုန်း-ဒေါ်တင်တင်စု)၊ (ဦးကိုကိုလေး-ဒေါ်နုနုရီ)၊ (ဦးမောင်ကို-ဒေါ်တင်တင်အေး)၊ (ဦးကြင်)-ဒေါ်တင်တင်ဌေး၊ (ဦးခင်မောင်သန်း)-ဒေါ်မမကြီး၊ ဒေါက်တာဦးခင်မောင်ဝင်း- ဒေါက်တာဒေါ်နီလာဝင်းတို့၏ မောင်/အစ်ကို၊ ဦးကိုကိုကြီးသည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၂၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၅ (အင်္ဂါနေ့) နံနက်တွင် မိုးကုတ်ကျောင်းတိုက်၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၇)ရပ်ကွက်၊ သုခိတာလမ်း၊ မြေကွက်အမှတ်(၄၄၃/ခ)ပေါ်ရှိ ခြေရင်းဘက်ခြမ်း မြေအကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတေဇာလင်း [၁၀/ဘလန(နိုင်) ၀၈၆၉၀၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူတို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်မြတ်မြတ်သိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၃၇၈)**
**အမှတ်(၄၁၄)၊ ကျန်စစ်သားလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံအရှေ့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၅၅၉၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း (၁၇)၊ ဝန်းသိုပန်းခြံ၊ ဝန်းသိုလမ်း၊ အမှတ်(၆၅/ခ)၊ ၆/၁၃ ရပ်ကွက်၊ ဦးအေးမောင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁) ဦးကျော်ဟန်၊ (၂) ဦးခင်မောင်လှ၊ (၃) ဒေါ်ပိုပိုငြိမ်းတို့မှ အမွေဆက်ခံလက်ရှိပိုင်ဆိုင်စီမံပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပုလဲမမ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၇၇၀)**
**ဖုန်း- ၀၉-၅၅၄၄၅၁၅၀၆**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် (၂၁၃)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦးမှ ဒုတိယထပ်၊ ၄-လွှာ(ခေါင်းရင်းခန်း) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်လှ (၁၁/စတန (ပြ) ၀၀၁၈၉၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲနုစံ** (LL.B., D.BL., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ထူပါရုံ)၊ ထူပါရုံ(၁၀)လမ်း(အရှေ့)၊ အမှတ်(၁၃၅၈)၊ ပထမထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (အလျား ၁၇ပေx အနံ ၅၁ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်များကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်[၁၂/သကတ(နိုင်)၀၄၆၇၀၉] ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအားမာန် [၁၂/လကန(နိုင်)၂၀၄၃၅၅]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပွင့်ဖြူဖြူလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၈၈/၂၀၂၃)**
**တိုက်- L 9၊ အခန်း- 04၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၇၈၉၄၄၄၄၈၄**

## ဒေါ်ခင်စန်းမြင့်

**အသက် (၉၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၃၅A)၊ ပထမထပ်နေ (ဦးကံထွန်း-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးကျော်ညွန့်)၏ဇနီး၊ (မခင်ယုယုကျော်)၊ မခင်မူမူကျော် - ဦးဘသန်းချစ်တို့၏ မွေးသမိခင်၊ မြေးတစ်ယောက်၏ အဘွားသည် ၁၈-၉-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၆:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၉-၂၀၂၅ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုသက်ဝေဌေး (ခ) ကိုသားသား (Ko Buddy)

**SAMSUNG CUSTOMER SERVICE PART HEAD**

**အသက် (၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးလှဌေး)-ဒေါ်မြင့်ရီတို့၏သား၊ (ဦးမြအောင်-ဒေါ်လှလှနွယ်)တို့၏ သားသမက်၊ ကိုဝင်းထွန်းအောင်-မဖြူလဲ့လဲ့ဌေးတို့၏ အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၂)၊ သုံးလွှာ(A)၊ ပျဉ်းမလမ်း၊ ဆေး/ငြိမ်းရပ်ကွက်နေ ဒေါ်ဝါဝါထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကောင်းဇံအောင်-မအိကေကေခိုင်၊ မောင်သီဟသက်အောင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ပြည်လမ်း (ဗားကရာလမ်းနှင့် ပြည်လမ်းထောင့်)၊ အမှတ် (၂၆၅)၊ ၅-လွှာ(ခြေရင်းခန်း)၊ တိုက်မျက်နှာမူလျှင် (ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို မြန်မာဖီးနစ်(စ်)ဆောက်လုပ်ရေးထံမှ **ဦးထွာရှမ်းမွန် [၉/မမန(နိုင်) ၀၈၀၃၂၅]**က (၇-၁-၁၉၉၉)ရက်နေ့တွင် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး **ဦးထွာရှမ်းမွန်**မှ **"မေတ္တာဖြင့် တိုက်ခန်းအပိုင်ပေးကမ်းခြင်းစာချုပ်"**ဖြင့် ညီမဖြစ်သူ **ဒေါ်ခုပ်လျှင်ဝန် [၉/မမန(နိုင်) ၀၈၀၃၂၇]**သို့ ပေးအပ်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းကို ဒေါ်ခုပ်လျှင်ဝန်က မိမိတစ်ဦးတည်းသာလျှင် ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LL.B,DBL,DML,DIL,DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇) ၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044, 09-250674940**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၁)လမ်း၊ အမှတ်(၇/A)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်သူဝင်း [၅/ဘတလ(နိုင်)၀၈၁၈၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စံပယ်(၁)လမ်း၊ အမှတ်(၁၆)၊ မြေရှင် ဒေါ်အေးအေးသန်း [၁၂/ကမရ(နိုင်)၀၃၀၃၇၉] ပိုင်ဆိုင်သော အကျယ်အဝန်း (၃၁ပေx ၃၀ပေ) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၅)ထပ်တိုက်အနက်မှ မြေညီ(ခေါင်းရင်း)၊ အကျယ်အဝန်း (၃၀ပေx ၂၉ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (၁) ဦးလှကြည် [၁၄/မအပ(နိုင်)၃၈၅၁၅၁]နှင့် ဒေါ်ညွန့်တင် [၁၂/ကမရ(နိုင်)၀၃၀၃၆၉]တို့မှ ၎င်းတို့သာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သူဝင်း [၅/ဘတလ(နိုင်)၀၈၁၈၃၈]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူဝင်း [၅/ဘတလ(နိုင်)၀၈၁၈၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမျိုး (LLB, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၇၄၄)**
**အမှတ်- ၁၀/၁၂(ဘယ်)၊ အခန်း- ၁၀၃(F)၊ ပထမထပ်၊ ၃၅-လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၀၂၉၆၁၇၀၉**

## ဒေါ်အေးအေးတိုး

**အလယ်တန်းပြ(ငြိမ်း)၊ အ.လ.က(၄)၊ ကြည့်မြင်တိုင်**

**အသက်(၆၆) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးခင်မြင့်-ဒေါ်တင်ဦး)တို့၏ သမီး၊ (ဦးကျော်ဝင်း)-ဒေါ်ကြည်ကြည်အေး၊ ဦးသူရိန်-ဒေါ်စန်းစန်းရင်၊ ဦးတင်မောင်ကျော်-(ဒေါ်သန်းသန်းအေး)၊ (ဒေါ်ရီရီဌေး)တို့၏ ညီမ၊ (ဦးမင်းလွင်)၊ ဦးယဉ်ပို-ဒေါ်ကြည်ကြည်စိုး၊ (ဦးဌေးကျော်)တို့၏ အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ်သည် ၁၈-၉-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသက်ဝေဌေး(ခ)ကိုသားသား (Ko Buddy)**

**Samsung Customer Service Part Head**

**အသက် (၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ပျဉ်းမလမ်း၊ တိုက်အမှတ် (၁၂)၊ အခန်း (၃)လွှာတွင် နေထိုင်သော ဒေါ်ဝါဝါထွန်း၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးသက်ဝေဌေး (ခ) ကိုသားသား (Ko Buddy)သည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၀၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Samsung Disty Department**
**Myint Thukha Nadi Co., Ltd.**
**(A Group of Companies)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၈)၊ ဦးပိုင်အမှတ်- ၁၇၊ ၈၄ လမ်း၊ ၂၅x၂၆ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးခင်မောင်လေး [၉/မနမ(နိုင်) ၀၉၃၉၅၃]က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂အိုင်)၊ မြေကွက်အမှတ် (၄၃စဂျီ ၅/၄)၊ မြေဧရိယာ (၀.၁၃၁)ဧကရှိ ဂရန်ရှိ မြေပိုင်မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဖိုးစိန်လမ်း (အတွင်းလမ်း)၊ အမှတ်- ၄၇ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းနိုင် [၁၂/တမန(နိုင်) ၀၆၁၃၉၂၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်- ၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ(၃)လမ်း၊ မြကန်သာအိမ်ရာအပိုင်း(၂)၊ တိုက်အမှတ်(၁၇)၊ အခန်းအမှတ်(၃၀၁)၊ တတိယထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ တိုက်ခန်းရောင်းချသူများဖြစ်ကြသော ဦးအောင်အောင်လွင် [၁၄/ညတန(နိုင်)၁၈၈၇၉၂]၊ ဒေါ်မေဇင်ပြုံး [၁၂/ကမတ(နိုင်)၀၆၅၅၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုတိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေသီလင်း LL.B** | **ဦးခင်မောင်မြင့်(ကနောင်) LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၁၀/၂၀၁၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၁၆/၁၉၈၄)** |

**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅ လမ်းတို(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၀၈၇၅၄၊ ၀၉-၇၈၀၀၀၁၉၅၁**

## အများသိစေရန် ကန့်ကွက်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသီသီထွန်း + ၂ (ဘ) ဦးထွန်းထွန်း [၁၂/ရကန(နိုင်)၀၄၈၂၀၈] ကိုင်ဆောင်သူ၊ အမှတ် (၇၄-စီ)၊ အာဇာနည်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကွယ်လွန်သူ အမွေရှင် (ဦးကျင်ဟုတ်)+(ဒေါ်ကြည်ကြည်မာ)တို့ ပိုင်ဆိုင်သော အမှတ်(၉၄)၊ ဦးကြွယ်ဟိုးလမ်း၊ မကျီးတန်းတောင်အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်လိပ်စာပါ မြေကွက်၏အကျိုးခံစားခွင့်နှင့် ယင်းလိပ်စာပေါ်ရှိ (တိုက်ဘက်ကိုလမ်းမှ မျက်နှာမူသော) ဘယ်ဘက်အခြမ်းရှိ မြေညီထပ်တစ်ခန်း ၊ ဘယ်ဘက်အခြမ်းရှိ ပထမထပ်တစ်ခန်းနှင့် ညာဘက်အခြမ်း အပေါ် ဒုတိယထပ် ထပ်ခိုးအပါတစ်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမွေဆိုင်ပစ္စည်းများဖြစ်ပြီး ယခုအချိန်တွင် အမွေဆိုင်များအချင်းချင်း အမွေခွဲဝေခြင်း ပြေလည်မှုမရှိသေးပါသဖြင့် ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ ဂရန်အမည်ပေါက်ပြောင်းလဲခြင်း၊ ဂရန်သက်တမ်းတိုးခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အဆောက်အဦအသစ်ဆောက်လုပ်ခြင်း အစရှိသည်တို့မပြုလုပ်ပါရန် အမွေဆိုင် ဒေါ်မေသီသီထွန်း + ၂ အနေဖြင့် အများသိစေရန် ကျွန်ုပ်မှတစ်ဆင့် ကန့်ကွက်ကြေညာခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးဇော်လင်းထွန်း (LLB) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၂၂)**
**အမှတ်(၆၉)၊ ဝေပုလ္လ(၂)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၈၉၅၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ ဥက္ကာ(၁)လမ်း၊ မြေကွက်အမှတ်(၁၇/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ)ရှိသော ဒေါ်သိန်းတင် [၁၂/ဥကမ(နိုင်) ၀၃၂၇၆၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးအောင်[၁၂/ဥကမ(နိုင်) ၀၀၈၃၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးဝင်း [၁၁/မတန(နိုင်) ၀၁၄၈၀၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်နှင့်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအိမ်နှင့်မြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မျိုးဝင်း (LL.B, LL.M) (International Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၇၆)**
**အမှတ်(၄၈)၊ မာန်ပြေ (၁၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်။ 09-751887820, 09-259017207**

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာ တတ်မြောက်မှုသာလျှင် အတတ်ပညာများကို သင်ယူ တတ်မြောက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ (၆၂)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ (၆၂) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးနှင့် သံရုံးမှ တာဝန် ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ ရုပ်သံမှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရှရီအဘ်ဟေး တာကူးရ်က အိန္ဒိယ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြား၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ (၆၂) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဘာစီလိုနာအသင်းနဲ့ မန်စီးတီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိပြီး ရာသီအစအဖွင့်လှခဲ့

ရန်ကုန် စက်တင်ဘာ ၁၉

စက်တင်ဘာ ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ပွဲစဉ်တွေထဲမှာ ဘာစီလိုနာအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ နိုင်ပွဲကိုယ်စီရပြီး ရာသီအစအဖွင့်လှခဲ့ပြီ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ရက်ရှ်ဖို့ဒ်ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ★

## ပြည်တွင်းစက်သုံးဆီဈေးနှုန်းကျဆင်း
### လာမည့်ပွင့်လင်းရာသီကာလအတွင်း လုံလောက်စွာသုံးစွဲနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထား

နေပြည်တော် စက်တင်ဘာ ၁၉

အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း မြန်မာကျပ်ငွေ ခိုင်မာပြီး နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းကျဆင်းခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်း များ ကျဆင်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ကြိုတင်စီမံထားရှိမှုကြောင့် သီတင်းကျွတ်ပွဲတော် ကာလအပါအဝင် လာမည့်ပွင့်လင်းရာသီကာလအတွင်း စက်သုံးဆီများ လုံလောက်စွာသုံးစွဲနိုင်သည့်အပြင် အရန်ဆီ များလည်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း စက်သုံးဆီ လုပ်ငန်းရှင်များထံမှ သိရသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

ရန်ကုန်မြို့အတွင်း၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများ လိုက်လံကပ်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

စာမျက်နှာ » ၁၄

နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

စာမျက်နှာ » ၁၇